# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး
# သတ္တမနေ့ မှတ်တမ်း

**၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်**

**(၂၀၁၁ ခုနှစ်၊ မတ်လ ၁၀ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ အစည်းအဝေးကို နံနက် ၁၀း၀၀နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး သတ္တမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး** ။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# ပြည်သူ့လွှတ်တော် အစည်းအဝေး သတ္တမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမနေ့အစည်းအဝေးမစတင်မီမှာ ပြောစရာအချက် နှစ် ချက် ရှိပါတယ်။ ပထမအချက်ကတော့ ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပနေချိန်မှာ ကျင်းပနေမှုများကို တပ်မတော်သား အရာရှိကြီးများနဲ့ အခြားဖိတ်ကြားထားသော ပုဂ္ဂိုလ်များ လာရောက်လေ့လာနေပါတယ်။ ဒုတိယအချက်ကတော့ ယမန်နေ့က ဖြန့်ဝေထားတဲ့ သတ္တမနေ့အစီအစဉ်နဲ့ပတ်သက်ပြီးတော့ ဒီနေ့အပြောင်းအလဲ အနည်းအကျဉ်း ပြုလုပ်ထားပါတယ်။ ဒီလိုပြုလုပ်တာဟာလည်း မိမိတို့ရရှိတဲ့ရက်၊ အချိန်နဲ့လုပ်ငန်းတွေအပေါ်မူတည်ပြီးတော့ အပြောင်းအလဲ လုပ်ထားတာဖြစ်ကြောင်း အစည်းအဝေးမစတင်မီ ကြိုတင်အသိပေး ပြောကြားခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၃)ဦး ရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ( ၄၃၁ )ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်းရဲ့(၉၉.၅၄) ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထ မြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ် ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ပြည်သူ့ လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က) နဲ့ (ဂ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀ း ၀၅ ။**

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက် နိုင်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ် (၁)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော် လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရေ (၄၃၃)ဦး ၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ ( ၂ )ဦး၊ ယနေ့ခွင့်ပန်ကြားသူ မရှိတဲ့အတွက် လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ( ၂ )ဦး ဖြစ်ပါတယ်။ ခွင့်ပန်ကြားခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယခု ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်သူ့လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀ း ၁၂။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းထားတဲ့ မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်တဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းပြီးချိန်မှာ ဖြေကြားရမယ့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားဖို့ ဖြစ်ပါတယ်။

**စာရေးဆရာ ဦးသောင်းထွန်းပြုစုသော ပြစ်မှုဆိုင်ရာ ဥပဒေစာမူ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ လမ်းမတော် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက စာရေးဆရာ ဦးသောင်းထွန်းပြုစုသော ပြစ်မှုဆိုင်ရာ ဥပဒေစာမူ နှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၁၃။**

**ဦးခင်မောင်ဝင်း (လမ်းမတော် မဲဆန္ဒနယ်)** ။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒီနေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် အပေါင်းတို့ခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်တော်ပထမ ဂါရဝပြုပါတယ်။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ အခန်း ၁၆ ၊ အပိုဒ် ၁၀၈ မှာ ပါရှိတဲ့ ပြဋ္ဌာန်းချက်နဲ့အညီ မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ် တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ မှတ်ပုံတင်ခွင့် ၁၀၂ ကြိမ်မြောက် အစည်းအဝေးမှာ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ လိုက်နာရန် စာပေစိစစ်ရာတွင်ကျင့်သုံးတဲ့ စာပေစိစစ်ရေးမူများကို စည်းကမ်းသတ်မှတ် ပေးထားတာရှိပါတယ်။ အဲဒီ စည်းကမ်း သတ်မှတ်ချက် တွေကတော့-

(၁) နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ထိပါးသော ဆန့်ကျင်တိုက်ခိုက်သည့် စာပေများကို လုံးဝထုတ်ဝေခြင်း မပြုရန်။

(၂) ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ဥမကွဲ၊ သိုက်မပျက် အေးအတူ ပူအမျှ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲ နေထိုင်ရေးကို ထိပါးဆန့်ကျင် တိုက်ခိုက်သော ရေးသားခြင်းကို မပြုရန်။

(၃) ဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ စာပေပြုစုခွင့်ထုတ်ဝေခွင့် ရှိပါသည်။ သို့ရာတွင် ယင်းစာပေ လွတ်လပ်ခွင့်များကို အများပြည်သူတို့အတွက် မှန်ကန်စွာအသုံးပြုရန် ။

(၄) လုပ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်များ လုပ်နည်းလုပ်ဟန်များ၊ ချို့ယွင်းချက်များ ရေးသား ဝေဖန်သည့် စာပေများ ထုတ်ဝေခွင့်ရှိပါသည်။ သို့ရာတွင် အပြုသဘော ဖြစ်စေရမည်။ လက်တွေ့လုပ်ရပ်နှင့်ပတ်သက်၍ ပွင့်လင်းသောအမြင်၊ ပွင့်လင်းသော ဝေဖန်ချက်နှင့် ပွင့်လင်းသော ဆန္ဒမျိုး ပေါ်ထွန်းသည့်စာပေများ ထုတ်ဝေကြရာတွင်လည်း အပြုသဘောဖြစ်စေရန် ၊ အပျက်သဘောလုံးဝမပါစေရန်။

(၅) နိုင်ငံတော်တည်ဆောက်ရာတွင် အများပြည်သူ နိုးကြားတက်ကြွစွာ ပါဝင်လာအောင် နှိုးဆော်ပညာပေးသည့် စာပေများကို ထုတ်ဝေရန်။

(၆) ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားအပေါင်းတို့၏ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး ကို ရှေးရှု ရေးသားထားသော စာပေများကို အမျိုးသားဟန်စာပေများ ထုတ်ဝေရန်။

(၇) ဘာသာတစ်ခုမှအခြားဘာသာတစ်ခုသို့ ပုတ်ခတ်ရေးသားသော စာပေများ ဘာသာတူ အချင်းချင်း အယူအဆကွဲပြားစေသော စာမူများကို ထုတ်ဝေခွင့်မပြုရန်။

(၈) တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပုတ်ခတ်သော စာပေများကို ထုတ်ဝေခြင်းမပြုရန် စသည့် အချက်များ၊ အကျုံးမဝင်သော စာပေများကိုထုတ်ဝေခွင့် မရှိဖို့ စည်းကမ်းသတ်မှတ် ထားပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ ပြစ်မှုဆိုင်ရာဥပဒေ၊ သက်သေခံဥပဒေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေစတဲ့ ဥပဒေတွေကို စာရေးဆရာကြီးများဖြစ်ကြတဲ့ အငြိမ်းစားတရားသူကြီးများ၊ ဗဟိုတရားရုံးရှေ့နေများနဲ့ အခြားဥပဒေပညာရှင်တွေက ရေးသား ထုတ်ဝေလျက်ရှိကြပါတယ်။ ဥပဒေပညာရှင်များဟာ အများပြည်သူတို့နဲ့ ဥပဒေပညာသင်ကျောင်းသား များ၊ ရှေ့နေရှေ့ရပ်များအဖြစ် အသက်မွေးမယ့်သူများ၊ ပြည်သူ့ဝန်ထမ်းများအတွက် အုပ်ချုပ်ရေး၊ တရားရေး၊ ဥပဒေရေးရာ၊ ပြည်သူ့ရေးရာစတဲ့ အသိပညာတိုးပွား၊ ဗဟုသုတရစေတဲ့ အတွေးအခေါ် ကောင်းများ၊ မိမိတို့တွေ့ကြုံရတဲ့ အသိပညာများကို ရှုထောင့်အမျိုးမျိုးက ရေးသားထုတ်ဝေလျက် လည်း ရှိကြပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုအခါ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၅၄(က)မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိယုံကြည်ချက်၊ ထင်မြင်ချက်၊ ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ရေးသားဖြန့်ဝေခွင့် အခွင့်အရေးများ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် မေးလိုတဲ့ မေးခွန်း ကတော့ စာရေးဆရာ ဦးသောင်းထွန်း၊ အငြိမ်းစား ညွှန်ကြားရေးမှူး ဆရာ ဦးသောင်းထွန်း(ရွှေနေ) ပြုစုတဲ့ ပြစ်မှုဆိုင်ရာဥပဒေစာမူကို စတားပုံနှိပ်တိုက်၊ ကျောက်တံတားမြို့ ရန်ကုန်မှ ထုတ်ဝေခွင့် ရရန် ၂၀၁၀ခုနှစ်က စာပေစိစစ်ရေးကို တင်ပြ ထားခဲ့ပါတယ်။ သို့သော်ဒီစာမူမှာ မည်သည့်အချက်မှ စည်းကမ်းနှင့်မညီသည်ကို မတွေ့ရ သော်လည်း ယခုတိုင် ထုတ်ဝေခွင့် မပေးခြင်းမှာ မည်သည့် အတွက် ဖြစ်ပါသနည်း။ ထိုစာမူကို ထုတ်ဝေခွင့် ချပေးရန် အစီအစဉ်ရှိပါသလားဆိုတာကို ဖြေကြား ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဖြေကြားချက်**

**အချိန်။ ၁၀း၁၈။**

**ဦးကျော်ဆန်း (ဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီး၊ လမ်းမတော်မြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက မေးမြန်းတဲ့ မေးခွန်းကို ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဖြေကြားဖို့ တာဝန်ရှိတာမို့ ပြန်ကြားရေး ဝန်ကြီးဌာနရဲ့ ဝန်ကြီးအနေနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။ စာရေးဆရာ ဦးသောင်းထွန်း ရေးသားတဲ့ ပြစ်မှုဆိုင်ရာဥပဒေစာအုပ်ကို စိစစ်ပြီးထုတ်ဝေခွင့်ပြုပေးဖို့ ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်ရေး အဖွဲ့ က လက်ခံရရှိခဲ့ပါတယ်။ ဦးသောင်းထွန်းအနေနဲ့ ပြစ်မှုဆိုင်ရာ ဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာ ပြီး အသေးစိတ် ရေးသားထားတာ တွေ့ရှိရပါတယ်။ $A_4$ အရွယ်စက္ကူနဲ့ စာမျက်နှာပေါင်း ၅၈၅ မျက်နှာ ရှိပါတယ်။ ဥပဒေဘာသာရပ်ဟာ သီးခြားပညာရပ်တစ်ခုဖြစ်ပြီး၊ ကျယ်ပြန့်နက်နဲ သိမ်မွေ့တဲ့ သဘောလည်း ရှိပါတယ်။ ဒါ့အပြင် အများနားလည်ဖို့ ခက်တဲ့ ဘာသာရပ်လည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် စာပေစိစစ်ရေးဌာနအနေနဲ့ ဦးသောင်းထွန်းရဲ့ စာမူကို အချိန်ယူပြီး စိစစ်မှုပြုရပါတယ်။ ဒီနေရာမှာ စာပေစိစစ်ရေးအဖွဲ့ရဲ့ စိစစ်မှုအဆင့်ဆင့်ကို အနည်းငယ် သိအောင် ရှင်းပြလိုပါတယ်။ ပထမဦးစွာ အရာရှိငယ် များပါဝင်တဲ့ Section အဖွဲ့က စိစစ်ရပါတယ်။ သူတို့အဖွဲ့မှာ တွေ့ရှိချက်တွေ၊ အဆုံးအဖြတ် မပေးနိုင်တာတွေကို ဒုတိယညွှန်ကြားရေးမှူး ဦးစီးတဲ့ အဖွဲ့ကို တင်ရပါတယ်။

ဒုတိယညွှန်ကြားရေးမှူး ဦးစီးတဲ့ အဖွဲ့က စိစစ်ပြီးတော့ သူ့အဆင့်မှာ မပြီးပြတ်နိုင်တဲ့အချက်တွေရှိရင် ညွှန်ကြားရေးမှူး ဦးစီးတဲ့အဖွဲ့ကို တင်ရပါတယ်။ ညွှန်ကြားရေးမှူးဦးစီးတဲ့အဖွဲ့ကလည်း ဘာသာရပ်ပေါ်မူတည်ပြီးတော့ အခြားသော ဝန်ကြီးဌာနများနဲ့ ဆက်စပ်အကြံဉာဏ် သဘောထားတောင်းခံဖို့ လိုအပ်တဲ့ ကိစ္စမျိုးတွေမှာ အခြားသော ဝန်ကြီးဌာန အဖွဲ့များကို ပေးပို့ပြီး သဘောထား အကြံဉာဏ်၊ မှတ်ချက် တောင်းခံရပါတယ်။ အဲဒီလောက်နဲ့မှ မပြီးပြတ်သေးရင်လည်း ဝန်ကြီးဆီကိုတင်ပြီးတော့ ဆောင်ရွက်ရတဲ့ လုပ်ထုံးလုပ်နည်းရှိပါတယ်။ အခုလည်းပဲ ဦးသောင်းထွန်းရေးသားတဲ့ စာမူဟာ ဥပဒေပိုင်းဆိုင်ရာဖြစ်တဲ့အတွက် သက်ဆိုင်ရာ ရှေ့နေချုပ်ရုံးနဲ့ တရားသူကြီးချုပ်ရုံးများ ကိုလည်း ပေးပို့ပြီးတော့ စိစစ်အကြံဉာဏ်များ ရယူရပါတယ်။ ဦးသောင်းထွန်းရေးသားတဲ့ ပြစ်မှု ဆိုင်ရာ ဥပဒေစာအုပ်မှာ ဥပဒေပုဒ်မ တစ်ခုချင်းအလိုက် ခေတ်အဆက်ဆက်က စီရင်ဆုံးဖြတ်ခဲ့တဲ့ စီရင်ထုံးများနဲ့ သာဓကပြုပြီးရေးသား ထားတာဖြစ်တဲ့အတွက် သက်ဆိုင်ရာ ရှေ့နေချုပ်ရုံးနဲ့ တရားသူကြီးချုပ်ရုံးများကလည်း စိစစ်ဖို့ အချိန်ယူရတယ်လို့ သိရှိရပါတယ်။ ဒါ့ကြောင့် ဌာန အသီးသီးထံက စိစစ်အကြံပြု သဘောထားမှတ်ချက်များ ပြည့်ပြည့်စုံစုံ ရရှိလာတဲ့အခါမှာတော့ စာပေစိစစ်ရေးအနေနဲ့ ဦးသောင်းထွန်းရေးသားတဲ့ ပြစ်မှုဆိုင်ရာ ဥပဒေစာမူကို ဆက်လက်ထုတ်ဝေခွင့် ပေးသွားဖို့ရှိကြောင်း ဖြေကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ဆန်း ဒီနေရာမှာပဲ ခေတ္တစောင့်ဆိုင်းပါ။ အကြောင်းကတော့ အခုဆက်ပြီးတော့ မေးမယ့်မေးခွန်းလည်း ဦးကျော်ဆန်း ဖြေရမယ်လို့ ယူဆပါတယ်။

**မကြား၊ မပြောနိုင်သော ပုဂ္ဂိုလ်များအတွက် ဦးခေါင်း၊ ကိုယ်၊ လက် ဟန်ပန်သုံးစကားဖြင့် တင်ဆက်ပေးမှု ပြုရန် အစီအစဉ် နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လသာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်က မကြား၊ မပြောနိုင်သော ပုဂ္ဂိုလ်များအတွက် ဦးခေါင်း၊ ကိုယ်၊ လက် ဟန်ပန်သုံးစကားဖြင့် တင်ဆက်ပေးမှု ပြုရန် အစီအစဉ် နှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးကြည်မြင့် (လသာ မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာအပေါင်းနဲ့ခညောင်းပါစေလို့ ဆုမွန်ကောင်းဦးစွာ တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လသာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မြန်မာ့ရုပ်မြင်သံကြားကနေပြီးတော့ သတင်းတင်ဆက်မှု ၊ သတင်းကြေညာမှု ၊ ပညာပေးဆွေးနွေးမှု၊ ဟောပြောမှုဆိုတဲ့ အခန်းတွေထုတ်လွှင့်ရာမှာ

ကျွန်တော်တို့ ပြည်သူတွေထဲကပဲ ပေါ့လေ။ မကြားးမပြောနိုင်သောပုဂ္ဂိုလ်များ၊ သူတို့တွေ အတွက် ဦးခေါင်း၊ ကိုယ်လက် ဟန်ပန်သုံးစကားဖြင့် တင်ဆက်ပေးမှုမျိုး ပြုရန်အစီအစဉ်များ ရှိပါ သလား ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်က ကာယကံရှင်တစ်ဦးနဲ့ ကျွန်တော်တို့ မီဒီယာဂျာနယ် က သတင်းထောက်တစ်ဦး နှစ်ဦးကပြိုင်တူ ကျွန်တော့်ကို တာဝန်ပေးမေးမြန်းစေတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဦးကျော်ဆန်း (ဝန်ကြီး၊ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် မေးမြန်းတဲ့ မေးခွန်းကိုလည်း ပြန်ကြားရေးဝန်ကြီးဌာန အနေနဲ့ ဖြေကြားဖို့ တာဝန်ရှိတာမို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးအနေနဲ့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကနေ့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ လူဦးရေ သန်း (၆၀)ကျော်ရှိပြီး အဲဒီပြည်သူများ အတွက် သတင်းအချက်အလက်များ ၊ ဖျော်ဖြေမှုများ၊ အသိဗဟုသုတ ပညာပေးမှုများကို ပြန်ကြားရေး ဝန်ကြီးဌာနအနေနဲ့ မီဒီယာမျိုးစုံကနေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းဖြစ်တဲ့ Printed မီဒီယာနဲ့ပတ်သက်ပြီး ပြောရရင် သတင်းစာ(၅)စောင်၊ ဂျာနယ်ပေါင်း (၁၇၁)စောင်၊ မဂ္ဂဇင်းပေါင်း (၁၈၂)စောင်နဲ့ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ထုတ်ဝေဖြန့်ချိလျက်ရှိပါတယ်။ နေ့စဉ် သတင်းစာဖြန့်ချိတဲ့ စောင်ရေဟာ သုံးသိန်းကျော်ရှိတဲ့အတွက် လစဉ် စောင်ရေ ကိုးသန်းကျော်၊ တစ်နှစ်ဆိုရင် စောင်ရေ တစ်ရာ့ရှစ်သန်းကျော် ဖြန့်ဝေလျက်ရှိပါတယ်။ အလားတူပဲ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များအနေနဲ့လည်း ပျမ်းမျှအားဖြင့် နှစ်စဉ် စောင်ရေ သန်းလေးဆယ်ကျော် ဖြန့်ဝေနေပါ တယ်။ အခြား နိုင်ငံရေး ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဝတ္ထု စတဲ့ ဘာသာရပ်ဆိုင်ရာ စာအုပ်များဟာလည်း နှစ်စဉ် ပျမ်းမျှအားဖြင့် အမျိုးအစား လေးထောင်ကျော်၊ စောင်ရေအားဖြင့် လေးသန်းကျော် ဖြန့်ဝေလျက်ရှိနေပါတယ်။ ထို့အတူပါပဲ ရေဒီယိုထုတ်လွှင့်မှုနဲ့ ပတ်သက်ပြီး ရှင်းပြရရင် မြန်မာ့အသံ ရေဒီယို၊ တိုင်းရင်းသားအစီအစဉ် ရေဒီယို၊ ပိတောက်မြေ၊ FM ရေဒီယို (၇)ခု တို့က နေ့စဉ် မနက် ငါးနာရီခွဲကနေ ညဆယ့်တစ်နာရီအထိ ထုတ်လွှင့်ပေးလျက် ရှိနေပါတယ်။

ထို့အတူပါပဲ ရုပ်မြင်သံကြား ထုတ်လွှင့်မှုနှင့်ပတ်သက်ရင်လည်းပဲ MRTV မြန်မာ့ရုပ်မြင် သံကြား၊ မြဝတီရုပ်မြင်သံကြား၊ Channel 4 ဆက်စပ်လိုင်း Channel ပေါင်း(၃၀)၊ Sky Net Channel ပေါင်း(၃၈)ခုတို့ နဲ့ ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ တချို့သော လိုင်းများဟာ ၂၄ နာရီပတ်လုံး ထုတ်လွှင့် နေတာမို့ ပြည်သူများ အချိန်ပြည့် ကြည့်ရှုလို့ရပါတယ်။ အလားတူပဲ

မြန်မာအင်တာနေရှင်နယ် Channel ကိုလည်းပဲ အင်္ဂလိပ်ဘာသာနဲ့ မြန်မာနိုင်ငံမှာသာမက တစ်ကမ္ဘာလုံး ကို ဖြန့်ချီ ထုတ်လွှင့်ပေးလျက် ရှိနေပါတယ်။ ဒါ့ကြောင့် သန်းပေါင်း (၆၀)ကျော်သော ပြည်သူများ အနေနဲ့ သတင်းပြန်ကြားချက်များ၊ ဖျော်ဖြေမှုများ ၊ အသိဗဟုသုတ ပညာပေးပရိုဂရမ် အစီအစဉ်များကို ကမ္ဘာ့ပြည်သူများနည်းတူ အပြည့်အဝ ရရှိခံစားနေနိုင်ကြပြီ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးကြည်မြင့် မေးမြန်းတဲ့ နားမကြား၊ စကားမပြောနိုင်တဲ့ သူများအတွက် ကိုယ်၊ ခေါင်း၊ ခန္ဓာကိုယ်၊ လက် ဟန်ပန်စကား ထုတ်ပြန်ပေးဖို့ဆိုတာနဲ့ ပတ်သက်ပြီး ရှင်းပြရရင် ကျွန်တော်တို့ နိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ အပါအဝင် အာရှတိုက်နိုင်ငံအများစုမှာ ဟန်ပန်စကားနဲ့ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ပေးမှု မရှိသေးတာကို တွေ့ရပါတယ်။ အချို့သော နိုင်ငံ အနည်းငယ်မှာသာ အရေးကြီးတဲ့ သတင်းထုတ်ပြန်တဲ့အခါ၊ အရေးကြီးတဲ့ နိုင်ငံတော်အကြီးအကဲရဲ့ မိန့်ခွန်းများထုတ်ပြန်တဲ့အခါမှာ ဟန်ပန်စကားနဲ့ ပူးတွဲပြီး ထုတ်ပြန်ပေးတာမျိုးကို တွေ့ရပါတယ်။ အဲဒီလို ထုတ်ပြန်တဲ့အခါမှာလည်းဘဲ ရုပ်မြင်သံကြား Screen ဟန်ပန်စကားနဲ့ ထုတ်ပြန်ပေးတာမျိုး မဟုတ်ဘဲနဲ့ ရုပ်မြင်သံကြားမှန်သားပြင်ရဲ့ အောက်ခြေ အကွက်ငယ်ကလေးထဲမှာ ဟန်ပန်စကား နဲ့ထည့်ပြီးတော့ ပြိုင်တူထုတ်ပြန်ပေးတာမျိုး ဖြစ်ပါတယ်။ လူမှုဝန်ထမ်းဝန်ကြီးဌာနရဲ့ လေ့လာ Focus လုပ်မှုအရ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ လူဦးရေ သန်း(၆၀)ကျော်အနက် နားမကြား၊ စကားမပြောနိုင်တဲ့ ဦးရေဟာ တစ်သိန်းလေးသောင်းကျော် ရှိတယ်လို့ သိရပါတယ်။ အဲဒီ တစ်သိန်းလေးသောင်းကျော် အနက်မှာ ဟန်ပန်စကားကို နားလည်တဲ့သူက (၃၆၀)ကျော်ပဲ ရှိပါတယ်။ ကနေ့ ကျွန်တော်တို့ နိုင်ငံမှာ နားမကြား၊စကားမပြောနိုင်တဲ့ သူများအတွက် သင်တန်းကျောင်း(၂)ကျောင်းရှိပြီး၊နှစ်စဉ်သင်တန်းသား (၅၀၀)ကျော် သင်တန်းတက်တယ်လို့ သိရပါတယ်။ အဲဒီသင်တန်းတွေမှာ ဟန်ပန်စကား အပါ အဝင် ကျောင်းသင်ဘာသာရပ်များကို သင်ကြားပေးလျက်ရှိပါတယ်။ လူမှုဝန်ထမ်းဝန်ကြီးဌာန အနေနဲ့လည်း နားမကြား၊ စကားမပြောနိုင်တဲ့ သူများအတွက် ဖွံ့ဖြိုးတိုးတက်ရေးရှိဖို့ လူမှုအသိုင်းအဝိုင်းမှာ ဝင်ဆန့်မှု မြှင့်တင်ဖို့အတွက် အမျိုးသားရေးအဆင့် မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ကို ချမှတ် ဆောင်ရွက်နေတယ်လို့ သိရှိရပါတယ်။ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာန အနေနဲ့လည်း လူမှုဝန်ထမ်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနများနဲ့ ညှိနှိုင်းပြီးဟန်ပန် စကားနဲ့ ထုတ်ပြန်ပေးနိုင်ဖို့ စတင်လေ့လာ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒါ့ကြောင့် အဘက်ဘက်က သင့်တော်တဲ့ အခြေအနေကို ရောက်လာတဲ့အခါမှာတော့ လသာမြို့နယ်၊ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးကြည်မြင့် မေးမြန်းတဲ့အတိုင်း နားမကြား၊ စကားမပြောနိုင်တဲ့သူများ အတွက် အရေးကြီးတဲ့ သတင်းတွေထုတ်ပြန်တဲ့အခါ၊ နိုင်ငံတော်သမ္မတကြီး အပါအဝင် အကြီးအကဲများရဲ့

အရေးကြီးတဲ့ မိန့်ခွန်းတွေပြောကြားတဲ့အခါမှာတော့ ဟန်ပန်စကားနဲ့ပါ ပူးတွဲ ထုတ်ပြန်ပေးဖို့ အစီအစဉ်ရှိကြောင်း ဖြေကြားရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**နိုင်ငံ့ဝန်ထမ်းများနှင့် ယခင်ပင်စင်စားနိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု နမ့်ခမ်းမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ စိုင်းကျော်အုန်းက နိုင်ငံ့ဂန်ထမ်းများနဲ့ ယခင် ပင်စင်စား နိုင်ငံ့ဂန်ထမ်းများ၏လစာနှုန်းထားများတိုးပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဒေါက်တာ စိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူတပ်မတော်သား အရာရှိများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံတော်အစိုးရရဲ့ ယန္တရားများကို ပုံမှန်လည်ပတ် နိုင်စေရန် ကိုယ်ကျရာတာဝန်ကို အခန်းကဏ္ဍအသီးသီးမှနေပြီး တာဝန်သိသိ၊ သစ္စာရှိရှိနဲ့ ပါဝင် လုပ်ဆောင်ပေးခဲ့သူများဖြစ်ကြပါတယ်။ နိုင်ငံ့ဝန်ထမ်းများအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာပါမှ နိုင်ငံ အကျိုးကို ဆတက်ထမ်းပိုးထမ်းရွက်သယ်ပိုးနိုင်မှာဖြစ်ပြီး၊ နိုင်ငံတော်အစိုးရ ယန္တရားကြီးလည်း ပုံမှန် လည်ပတ်ကာ တိုင်းပြည်ကြီးလည်း တိုးတက်စည်ပင်သာယာဝပြောမှာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်း များကိုယ်ကျန်းမာစိတ်ချမ်းသာစေဖို့ရာမှာ ဝန်ထမ်းများရဲ့စားဝတ်နေထိုင်ရေး အဆင်ပြေ ချောမွေ့မှု ဟာ အဓိက အခရာအကျဆုံးဘဲဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများရဲ့ယခုလက်ရှိ လစာနှုန်းထားများကို လက်လှမ်း မှီသလောက် အနည်းငယ် တင်ပြရမယ်ဆိုရင် ရုံးအကူတစ်ယောက်ရဲ့ ယခုလက်ရှိ အောက်ခြေလစာ နှုန်းထားဟာ (၃၅၀၀၀ိ)ဖြစ်ပါတယ်။စာရေးအဆင့်-၁ တစ်ယောက်နဲ့ မူလတန်းပြ ဆရာတစ်ယောက်ရဲ့ အောက်ခြေလစာနှုန်းထားဟာ (၄၇၀၀၀ိ) ဖြစ်ပါတယ်။ စာရေးအဆင့်--၂ နဲ့ အလယ်တန်းပြဆရာ တစ်ယောက်ရဲ့ လစာနှုန်းထားများဟာ (၅၃၀၀၀ိ)ဖြစ်ပါတယ်။ ရုံးအုပ် တစ်ယောက်နဲ့ အထက်တန်းပြ ဆရာတစ်ယောက်ရဲ့ အောက်ခြေလစာနှုန်းထားဟာ (၅၉၀၀၀ိ) ဖြစ်ပါ တယ်။ ဖေဖော်ဝါရီလ ၂၄ ရက်ထုတ် ဆန်းဒေးနယူး ဂျာနယ်မှ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ ရန်ကုန်မှာ ကောက်ယူတဲ့ စားသောက်ကုန် ဈေးနှုန်းတစ်ချို့ကို တင်ပြရမယ်ဆိုလျှင် ဇီယာဆန် တစ်ပြည် (၆၀ဝိ မှ ၁၀၀ဝိ)၊ စားအုန်းဆီ တစ်ပိဿာ(၂၈၀ဝိ)၊ ပဲဆီ (၄၀၀ဝိ) ၊ကြက်သွန်နီ တစ်ပိဿာ(၉၀ဝိ ကနေ ၁၂၀ဝိ)၊ မွေးမြူရေး ကြက်သား တစ်ပိဿာ (၅၀၀ဝိ)၊ ဝက်သား တစ်ပိဿာ(၅၀၀ဝိ)၊ ငါးကြင်း တစ်ပိဿာ

(၂၀၀ဝိ ကနေ ၃၀၀ဝိ)၊ငါးခူ တစ်ပိဿာ (၁၇၀ဝိ ကနေ ၂၄၀ဝိ)၊ မုန်ညှင်းဖြူ တစ်ပိဿာ(၅၀ဝိ) ဖြစ်ပါတယ်။ ဖော်ပြပါ စားသောက်ကုန်ဈေးနှုန်းများနဲ့ ဖော်ပြပါ ရာထူးအဆင့်အလိုက် ရရှိတဲ့ လစာနှုန်းထားများဟာ အဆိုပါ ဝန်ထမ်းများရဲ့ စားဝတ်နေထိုင်ရေး ဖူလုံမှုအတွက် အင်မတန် ကျပ်တည်း ခက်ခဲနေမှာ မုချဧကန်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခင်ပင်စင်စား ဝန်ထမ်းများရဲ့ လစာနှုန်းထားများကို လက်လှမ်းမှီသလောက် တင်ပြရမယ်ဆိုရင် ၁၉၈၀ ခုနှစ်မှာ ပင်စင်ယူတဲ့ အထက်တန်းပြ ကျောင်းဆရာတစ်ဦးရဲ့ သက်ပြည့်ပင်စင်လစာဟာ ထပ်ဆောင်းငွေအပါအဝင် (၆၀ဝိ) ဖြစ်ပါတယ်။ ၁၉၈၇ ခုနှစ်မှာ ပင်စင်ယူတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ခရိုင်ပညာရေးမှူးတစ်ဦးရဲ့ လုပ်သက်ပင်စင် လစာဟာ ထပ်ဆောင်း ငွေအပါအဝင် (၁၅၀ဝိ) ဖြစ်ပါတယ်။ ၁၉၈၆-၈၇ ခုနှစ်မှာ ပင်စင်ယူတဲ့ မူလတန်းပြ ဆရာတစ်ဦးရဲ့ ပင်စင်လစာဟာ ထပ်ဆောင်းငွေအပါအဝင် (၅၂ဝိ) ဖြစ်ပါတယ်။ ၁၉၉၀ခုနှစ်၊ ပင်စင်ယူတဲ့ တိုင်းသာသနာရေးဦးစီးမှူးတစ်ဦးရဲ့ ပင်စင်လစာဟာ (၁၂၇ဝိ) ဖြစ်ပါတယ်။ လစာနှုန်းထား (၄၀၀ဝိ)ရရှိပြီး လုပ်သက် ၂၁ နှစ် ၆ လရှိတဲ့ ၂၀၀၅ခုနှစ်၊ ဧပြီလမှာပင်စင် ယူတဲ့ တပ်မတော်သား ဒုတပ်ကြပ်တစ်ဦးရဲ့ ပင်စင်လစာဟာ ( ၂၃၄၆ိ ) ဖြစ်ပါတယ်။ ယခင်လုပ်သက်ပြည့်နဲ့ သက်ပြည့် ပင်စင်စားများဟာ နိုင်ငံ့အပေါ်သစ္စာရှိရှိ နိုင်ငံတော်ရဲ့ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ဦးဆွေးဆံမြည့်တဲ့အထိ ထမ်းရွက်ခဲ့သူများဖြစ်ပါတယ်။ ၎င်းတို့ ရရှိ တဲ့ ပင်စင်လစာများဖြင့် ၎င်းတို့ရဲ့ စားဝတ်နေရေးအတွက် အင်မတန် ကိုယ်ချင်းစာနာ ဂရုဏာသက်မိပါကြောင်း တင်ပြလိုပါတယ်။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအတွက်ကြောင့် နိုင်ငံ့ဝန်ထမ်းများနဲ့ ယခင်ပင်စင်စား နိုင်ငံ့ဝန်ထမ်းများရဲ့ လစာနှုန်းထားများတိုးပေးရန် အစီအစဉ်ရှိမရှိ သိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၀။**

**ဦးလှထွန်း ( ဝန်ကြီး၊ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန )။** ။လေး စား အပ် ပါ သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ရှေးဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ခုနကျွန်တော်တို့ နမ့်ခမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုင်းကျော်အုန်း မေးမြန်းထားတဲ့ နိုင်ငံ့ဝန်ထမ်းများနဲ့ ယခင်ပင်စင်စား ဝန်ထမ်းများရဲ့ လစာနှုန်းထားများတိုးပေးရန်အစီအစဉ် ရှိ မရှိသိလိုသော မေးခွန်းအပေါ်မှာ ကျွန်တော် ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန၊ ဝန်ကြီးက ပြန်လည်ရှင်းလင်းတင်ပြလိုပါတယ်။

နိုင်ငံတော်အစိုးရဟာ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံ့ဝန်ထမ်းများ လစာနှုန်းထားတွေကို ခေတ်အဆက်ဆက် ကျွန်တော်တို့ ပြောင်းလဲပေးခဲ့တာရှိပါတယ်။ ၄၈ခုနှစ်နောက်ပိုင်းမှာ ကျွန်တော်တို့ ၁၉၇၂ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၇၆ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၈၁ ခုနှစ်နဲ့ ၁၉၈၈ ခုနှစ်တို့မှာ အစိုးရ ဝန်ထမ်းများရဲ့ လစာနဲ့လုပ်ခများ ပြင်ဆင်တိုးမြှင့်ပေးခြင်း၊ ယာယီရှားပါးစရိတ်များ ခွင့်ပြုပေးခြင်း၊ အပိုထောက်ပံ့ကြေးများခွင့်ပြုပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ၁၉၈၈ခုနှစ်နောက်ပိုင်းကာလမှာလည်းကျွန်တော်တို့ ပြန်ကြည့်မယ်ဆိုရင် ၁၉၈၉ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၉၃ ခုနှစ်နဲ့ ၂၀၀၀ပြည့်နှစ်တို့မှာလည်း ဝန်ထမ်းများရဲ့ လစာနှုန်းနဲ့ ပင်စင်လစာတွေ၊ လုပ်ခလစာများကို တိုးမြှင့်သတ်မှတ်ပေးခဲ့ပါတယ်။ ဒီဘက် ပိုင်းမှာတော့ ကျွန်တော်တို့ ၂၀၀၆ခုနှစ်နဲ့ ၂၀၁၀ပြည့်နှစ် တို့မှာတော့ နိုင်ငံ့ဝန်ထမ်းများရဲ့လစာနှုန်းနဲ့ လုပ်ခများကိုလည်း ထပ်မံပြီးတော့ တိုးမြှင့်ပေးခဲ့တာတွေကို တွေ့ရမှာဖြစ်ပါတယ်။ ဒီဆောင်ရွက်ချက်တွေဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်း ခေတ်အဆက်ဆက်မှာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုပေါ်မှာ မူတည်ပြီးတော့မှ နိုင်ငံ့ဝန်ထမ်းများ လစာနှင့်အငြိမ်းစားလစာများ တိုးမြှင့်ပေးခြင်း၊ အပိုထောက်ပံ့ကြေးများ၊ ရှားပါးစရိတ်များ စသည်ဖြင့် ထောက်ပံ့ပေးခြင်းများဟာ ဆက်တိုက်ဆိုသလို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၁၉၈၈ခုနှစ် နောက်ပိုင်း ၂၀၀၀ပြည့်နှစ်အထိ ကာလများကို သုံးသပ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ တစ်ကြိမ်နဲ့တစ်ကြိမ် လေးနှစ်၊ငါးနှစ်ကွာခြားသလောက်မှာ ကျွန်တော်တို့ လစာနှုန်းတွေကို ပြင်ဆင်တိုးမြှင့် ပေးခဲ့တာတွေ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကလည်း တာဝန်ထမ်းဆောင်နေဆဲ နိုင်ငံ့ဝန်ထမ်းများရော အငြိမ်းစားနိုင်ငံ့ ဝန်ထမ်းများရဲ့ သက်သာချောင်ချိရေးနဲ့ နေထိုင်စားသောက်ရေးကို ရှေးရှုပြီးတော့ နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများအပေါ်မှာ မိမိရင်ဝယ်သားကဲ့သို့ စေတနာထားရှိပြီးမှ ဒီလို ဆောင်ရွက်ပေးခဲ့ တာဖြစ်ပါတယ်။ ဝန်ထမ်းလစာနဲ့ အငြိမ်းစားလစာ တိုးမြှင့်ဆောင်ရွက် ပေးမယ်ဆိုလို့ ရှိရင် ကျွန်တော်တို့ နိုင်ငံတော်ရဲ့ အဓိကကျတဲ့ ငွေကြေးဖောင်းပွမှုနှုန်း၊ ကုန်ဈေးနှုန်းအခြေအနေ၊ နိုင်ငံတော်အတွင်း လှည့်ပတ်သုံးစွဲနေတဲ့ ငွေကြေးရဲ့ အခြေအနေ၊ နိုင်ငံတော်ရဲ့ တစ်မျိုးသားလုံး ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၊ တစ်ခါ ကျွန်တော်တို့ ပတ်ဝန်းကျင်နိုင်ငံ တွေမှာရှိနေတဲ့ ပတ်ဝန်းကျင်နိုင်ငံများရဲ့ ငွေကြေးအခြေအနေ၊ သူတို့ရဲ့ လစာနှုန်းထားတွေ နှိုင်းယှဉ်ပြီးတော့မှ ချင့်ချိန်တွက်ချက်ရပါတယ်။ ဒါကြောင့်မို့လို့ နမ့်ခမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုင်းကျော်အုန်း မေးမြန်းသွားတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ အခု အချိန်အခါမှာလည်း ကျွန်တော်တို့ဟာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံပြီး၊ အထက်ပါအချက် အလက်တွေကို ကျွန်တော်တို့ သုံးသပ်ပြီးတဲ့အခါမှာ သင့်တော်သော အချိန်ကာလမှာ နိုင်ငံ့ဝန်ထမ်း

များရဲ့လစာနှင့် အငြိမ်းစားလစာများကို တိုးမြှင့်ဆောင်ရွက် ပေးသွားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးလှထွန်း ဒီနေရာက ခေတ္တစောင့်ဆိုင်းပါ။

**လာဘ်ပေးလာဘ်ယူ အကျင့်ဆိုးများ လျော့နည်းပပျောက်စေရန် နိုင်ငံ့ဝန်ထမ်းများအား လစာတိုးပေးရေး နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး လဲချားမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် စိုင်းမောင်တင်က လာဘ်ပေးလာဘ်ယူ အကျင့်ဆိုးများ လျော့နည်းပပျောက်စေရန် နိုင်ငံ့ဝန်ထမ်းများအား လစာတိုးပေးရေး နှင့်စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**စိုင်းမောင်တင် (လဲချားမဲဆန္ဒနယ် )။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ လဲချားမဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် စိုင်းမောင်တင် ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ လာဘ်ပေးလာဘ်ယူ အကျင့်ဆိုးများရှိနေသည့် ကိစ္စရပ်ကို တိုင်းရင်းသားပြည်သူအပေါင်းလုံးဝမနှစ်သက်ကြပါ။ ထိုကိစ္စ ဆိုးဆိုးရွားရွားဖြစ်ပေါ်နေရခြင်းမှာ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် ရရှိသည့်လစာနှင့် မိသားစုအသုံးစရိတ် မဖူလုံမမျှတခြင်းတို့လည်း အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်းတွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရသစ်က ဝန်ထမ်းများကို လစာတိုးပေးပြီး၊ နောက်နောင် ထိုအကျင့်ဆိုးများ လျော့နည်းပပျောက်သွားစေရန် ပြည်သူတို့နှင့်အတူ မည်သို့မည်ပုံဆောင်ရွက်သွားမည်ကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၇။**

**ဦးလှထွန်း (ဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာဖို့ ထပ်မံပြီးတော့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ခုန တင်ပြခဲ့တဲ့ လဲချားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမောင်တင် မေးမြန်းသွားတဲ့ လာဘ်ပေးလာဘ်ယူ အကျင့်ဆိုးများ ရှိနေတဲ့ ကိစ္စရပ်ကို တိုင်းရင်းသားပြည်သူအပေါင်းက လုံးဝမနှစ်သက်ကြပါ။ ဒီကိစ္စဆိုးဆိုးရွားရွား ဖြစ်ပေါ်နေခြင်းဟာ နိုင်ငံ့ဝန်ထမ်းများအနေနဲ့ ရရှိတဲ့လစာနှင့် မိသားစုအသုံးစရိတ်မမျှမတ မဖူလုံခြင်းသည် အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်းနဲ့ သို့ဖြစ်၍ နိုင်ငံတော်အစိုးရသစ်က ဝန်ထမ်းများကို

လစာတိုးပေးပြီး၊ နောက်နောင်ထိုအကျင့်ဆိုးများကို လျော့နည်းသွားစေရန် ပြည်သူတို့နှင့်အတူ မည်သို့မည်ပုံ ဆောင်ရွက်သွားမည်လဲဆိုတဲ့ မေးခွန်းကို မေးမြန်းတဲ့အတွက် ဒီမေးခွန်းနဲ့ ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးအနေနဲ့ ဆက်လက်ပြီးဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။ ခုနမေးခွန်းနဲ့လည်း တစ်ဆက်တစ်စပ်တည်းလည်း ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရက ခုနတင်ပြခဲ့သလိုပဲ ဝန်ထမ်းများရဲ့ လစာနဲ့စရိတ် အသုံးစရိတ်မျှတ အောင် ခေတ်အဆက်ဆက်မှာ ကျွန်တော်တို့ လစာနှုန်းထားတွေ ပြောင်းပေးခဲ့တယ်ဆိုတာ ခုန ဖြေကြားချက်ထဲမှာ ပါပြီးဖြစ်ပါတယ်။ ၁၉၄၈ခုနှစ်ကနေစပြီးတော့ ကျွန်တော်တို့ ခုနတင်ပြခဲ့ သလိုပဲ ၁၉၇၂ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၇၆ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၈၁ခုနှစ်နဲ့ ၁၉၈၈ခုနှစ်တို့မှာ တစ်ကြိမ်၊ ပြောင်းလဲပြီး ၁၉၈၈ခုနှစ်နောက်ပိုင်းမှာတော့ ၁၉၈၉ခုနှစ်မှာတစ်ကြိမ်၊ ၁၉၉၃ နဲ့ ၂၀၀၀တို့မှာတစ်ကြိမ် အကြိမ်ကြိမ် ကျွန်တော်တို့ ပြောင်းလဲတိုးမြှင့်ပေးခဲ့ပါတယ်။ နောက်ဆုံး ကျွန်တော်တို့ ၂၀၀၆ နဲ့ ၂၀၁၀မှာတော့ နောက်ဆုံးပြောင်းလဲခြင်းနဲ့ တိုးမြှင့်ပေးခဲ့တဲ့အတွက်ကြောင့် နိုင်ငံ့ဝန်ထမ်းတွေရဲ့ လစာဟာ ခေတ်အလိုက် တိုးတက်ပြောင်းလဲလာတာတွေ့ရှိရပါတယ်။ အခုလည်းပဲ ဒီကိစ္စနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကုန်ဈေးနှုန်းအခြေအနေတွေ၊ နိုင်ငံရဲ့ ငွေကြေးအခြေအနေတွေကို သုံးသပ်ပြီးမှ ကျွန်တော်တို့ နှစ်အလိုက်စဉ်းစားပြီး ဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။ ခုနတင်ပြခဲ့တဲ့ နှစ်တွေကို ကာလတွေပိုင်းခြား၍ ကြည့်လိုက်မယ်ဆိုရင် လေးနှစ်ငါးနှစ်လောက် ကွာတဲ့အချိန်မှာ ကျွန်တော်တို့ တစ်ခါတစ်ခါ တိုးပေးတာဖြစ်ပါတယ်။ ဒီလိုတိုးပေးတာဟာ တာဝန် ထမ်းဆောင်ဆဲ ဝန်ထမ်းများအပြင်၊ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေ ရဲ့ ပင်စင်ကိစ္စတွေတိုးတက် ဆောင်ရွက်ပေးခြင်းအားဖြင့် စားဝတ်နေရေးကို ကြည့်ရှုပြီး နိုင်ငံ့ဝန်ထမ်း တွေအပေါ်မှာ နိုင်ငံတော်က ကြည့်ရှုဆောင်ရွက်ခဲ့တာချည်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလို ဆောင်ရွက်ပေးနိုင်ဖို့အတွက် ခုနဖြေကြားခဲ့တဲ့အတိုင်းပါပဲ ကျွန်တော်တို့ဟာ နိုင်ငံတော်အတွင်းမှာ ဖြစ်ပျက်နေတဲ့ ငွေကြေးဖောင်းပွမှုနှုန်း၊ နိုင်ငံတော်အတွင်းမှာ လက်ရှိဖြစ်ပေါ်နေတဲ့ ကုန်ဈေးနှုန်း အခြေအနေ၊ နိုင်ငံတော်အတွင်း လှည့်ပတ်သုံးစွဲနေတဲ့ ငွေကြေးလှည့်ပတ်မှု အခြေအနေတွေ၊ တစ်မျိုးသားလုံးရဲ့ အသားတင်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုတန်ဘိုးတွေရဲ့ တိုးတက်မှုအခြေအနေ၊ ပတ်ဝန်းကျင်နိုင်ငံများရဲ့ ငွေရေးကြေးရေးအခြေအနေတွေကို ဆက်စပ်စဉ်းစားပြီးမှ ကျွန်တော်တို့ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုဆက်စပ်စဉ်းစားပြီး ခုနလိုဘဲ သင့်တင့်တဲ့ကာလမှာ ကျွန်တော်တို့ဆောင်ရွက်ပေးဖို့ ရှိတယ်ဆိုတာကို တင်ပြလိုပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ ဝန်ထမ်းများ လာဘ်ပေးလာဘ်ယူ အကျင့်ဆိုးတွေ လျော့နည်း ပပျောက်ဖို့အတွက် လစာတိုးပေးတဲ့ နည်းလမ်းတစ်ခုတည်းနဲ့ ကျွန်တော်တို့ ဆောင်ရွက်လို့မရပါဘူး။ ဒီဝန်ထမ်းများ လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းဟာ ဝန်ထမ်းတစ်ဦးချင်း အနေနဲ့လည်းကောင်း၊ ဌာန အနေနဲ့လည်းကောင်း၊ နိုင်ငံတော်အနေနဲ့လည်းကောင်း များစွာမှဂုဏ်သိက္ခာ ညှိုးနွမ်းစေကြောင်းကို

ကျွန်တော်တို့ ပညာပေးဆောင်ရွက်ဖို့ လိုပါတယ်။ လာဘ်ပေးလာဘ်ယူပြုလုပ်တာတွေကို တွေ့ရင်လည်း ကျွန်တော်တို့ ဖော်ထုတ်ပြီးထိရောက်စွာ အပြစ်ပေး အရေးယူဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာဘဲ ပြည်သူလူထုအနေနဲ့ကလည်း နိုင်ငံ့ဝန်ထမ်းများလာဘ်ပေးလာဘ်ယူ မပြုကြရအောင် ပူးပေါင်းဆောင်ရွက်ပေးဖို့ အထူးလိုအပ်ပါတယ်။ ဒီလို ပူးပေါင်းဆောင်ရွက်ပေးဖို့ အတွက် အသိပေးနှိုးဆော်ခြင်းတွေကိုလည်း ဆောင်ရွက်ပေးဖို့လိုပါတယ်။ ဒါ့အပြင် လာဘ်ပေး လာဘ်ယူ ပြုလုပ်သူ ဝန်ထမ်းကိုသော်လည်းကောင်း၊ ပြည်သူလူထုကိုသော်လည်းကောင်း တွေ့ရှိခဲ့ရင် တာဝန်ရှိသူတွေကို အသိပေး တိုင်ကြားပြီးတော့ သတ်သတ်မှတ်မှတ်ထိထိရောက်ရောက် ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတော်ရဲ့ Good Government ဖြစ်ဖို့အတွက် တိုင်ကြားစာတွေနဲ့လည်းကောင်း ၊ အသိပေး တင်ပြခြင်းဖြင့် လည်းကောင်း နိုင်ငံ့ဝန်ထမ်းများ လာဘ်ပေးလာဘ်ယူတွေ လျော့နည်း ပပျောက်အောင် စီမံချက်ချမှတ်ပြီးတော့ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒါကြောင့် ဒီနည်းလမ်း တွေကို ကျွန်တော်တို့ ဝန်ထမ်းများ ဘက်ကရော ၊ ပြည်သူလူထုဘက်ကရော ပူးပေါင်းဆောင်ရွက်ပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လာဘ်ပေး လာဘ်ယူ အကျင့်ဆိုးများ လျော့နည်းပပျောက်သွားအောင် ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း ပြီးဆုံးပါပြီ။ ဒါကြောင့် လွှတ်တော်ကို မိနစ်(၃၀)ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး ။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး ။** ။လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေးပြန်လည် မစတင်မီ လူခေါ်ခေါင်းလောင်းအသံရှည်တီးချိန်မှာ အစည်းအဝေးခန်းမ အတွင်း ပြန်လည်နေရာ ယူကြရန် ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး အစည်းအဝေး ခန်းမအတွင်းမှ ထွက်ခွာနိုင်ပါပြီခင်ဗျား။

**အချိန်၊ ၁၁ း၃၀။**

**အခမ်းအနားမှူး ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ "သဘာဝဘေးအန္တရာယ် တစ်ခုခုကြောင့် လူမှုစီးပွားဘဝပျက်စီးမှု ပမာဏကြီးမားသော အခြေအနေတွင် တိုင်းဒေသကြီး/ ပြည်နယ် အတိုင်းအတာဖြင့် မဖြေရှင်း နိုင်သော အခါ၌ နိုင်ငံတော်က အရေးပေါ် သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသအဖြစ် ကြေညာပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကဏ္ဍအား ပြည်ထောင်စုအစိုးရမှ တိုက်ရိုက်ဝင်ရောက် ကူညီပေးပါရန်"အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေးဆဋ္ဌမနေ့မှာ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း တင်သွင်းထားတဲ့ **" သဘာဝ ဘေးအန္တရာယ် တစ်ခုခုကြောင့် လူမှုစီးပွားဘဝပျက်စီးမှု ပမာဏကြီးမားသော အခြေအနေတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတိုင်းအတာနှင့် မဖြေရှင်းနိုင်သောအခါ၌ နိုင်ငံတော်က အရေးပေါ် သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသအဖြစ် ကြေညာပြီး ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေး ကဏ္ဍအား ပြည်ထောင်စုအစိုးရမှ တိုက်ရိုက်ဝင်ရောက် ကူညီပေးပါရန် "** အဆိုနဲ့စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြဖို့ ဖြစ်ပါတယ်။ အဆိုကို ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် သုံး ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေက ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဦးသိန်းဆွေအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၄။**

**ဦးသိန်းဆွေ (အမ်း မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ တင်သွင်းသည့် သဘာဝဘေးအန္တရာယ် တစ်ခုခုကြောင့် လူမှုစီးပွား ဘဝပျက်စီးမှု ပမာဏကြီးမားတဲ့ အခြေအနေမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတိုင်းအတာဖြင့် မဖြေရှင်းနိုင်တဲ့ အခါများမှာ နိုင်ငံတော်က အရေးပေါ်

သဘာဝ ဘေးအန္တရာယ်ကျရောက်သော ဒေသအဖြစ် ကြေညာပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကဏ္ဍအား ပြည်ထောင်စုအစိုးရမှ တိုက်ရိုက်ဝင်ရောက် ကူညီပေးပါရန် အဆိုနဲ့ ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အနေနဲ့ အခြားသော နိုင်ငံများနှင့် နှိုင်းယှဥ်မယ်ဆိုလို့ရှိရင် သဘာဝဘေးအန္တရာယ် ကျရောက်မှုအန္တရာယ် နည်းပါးတဲ့ နိုင်ငံတစ်ခု ဖြစ်တယ်လို့ သာမန်အားဖြင့် ဆိုနိုင်ပါတယ်။။ သို့ရာတွင် အတိတ်က ဖြစ်စဥ် ဖြစ်ရပ်များကို ပြန်လည် လေ့လာသုံးသပ်ကြည့်တဲ့အခါမှာလည်းပဲ သဘာဝဘေးအန္တရာယ်များ ကျရောက်လေ့ ရှိကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

ဒီနေ့အချိန်အခါမှာ ရာသီဥတု ပြောင်းလဲမှုများကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုမှာ ကမ္ဘာနဲ့အဝှမ်း ပိုမိုပြီးတော့မှ တိုးတက်များပြားလာတာကို တွေ့ရမှာ ဖြစ်ပါတယ်။ အနာဂတ်ကာလများမှာလည်း အလားတူ သဘာဝဘေးအန္တရာယ်များ ပိုမို ဖြစ်ပွားလာနိုင်သည်ဟု ပညာရှင်များမှ ခန့်မှန်းထားကြပါတယ်။

မမျှော်လင့်ဘဲ သဘာဝဘေးပေါ်ပေါက်လာတဲ့အခါမှာ ဆုံးရှုံးမှု နည်းပါးသည်ထက်နည်းပါး စေရေးအတွက် ကြိုတင်မျှော်မှန်းပြီးတော့မှ ဆောင်ရွက်သင့်သည်များကို ရေတိုရေရှည် စီမံချက်များဖြင့် စီမံဆောင်ရွက်ထားရန် လိုအပ်ပါတယ် ။သဘာဝဘေး ကျရောက်တဲ့အခါမှာလည်းပဲ အရေးပေါ် ကာကွယ်စောင့်ရှောက်ရေး၊ ကယ်ဆယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေး စတဲ့လုပ်ငန်းများကိုလည်း ကြိုတင် စီမံခန့်ခွဲထားတဲ့အတိုင်း တစ်မျိုးသားလုံး နိုးကြားစွာပါဝင် ဆောင်ရွက်သွားရန် အထူးပဲ လိုအပ်ပါတယ်။

ကျရောက်နိုင်တဲ့ ဘေးအန္တရာယ်များကတော့ ရာသီဥတု ဖောက်ပြန်ခြင်းနဲ့ ရေဘေး၊ လေဘေး၊ ပထဝီ အနေအထား ပြောင်းလဲခြင်းကြောင့် မြေငလျင် လှုပ်ခြင်း၊ ဆူနာမီ ဒီလှိုင်းရိုက်ခတ်ခြင်း၊ ဇီဝဘေးအန္တရာယ်များဖြစ်တဲ့- လူများ၊ တိရစ္ဆာန်များအပေါ် ကပ်ရောဂါကျရောက် ပျံ့နှံ့ခြင်း၊ သီးနှံဖျက် ပိုးမွှားများ၊ ကျိုင်းကောင်များ၊ ကြွက်များ၊ ကျယ်ပြန့်ကြီးမားသော ဒေသသို့ ကျရောက်ခြင်း၊ ဓာတုစက်မှုနှင့် ဓါတ်ရောင်ခြည် သင့်မှု အန္တရာယ်နှင့် မီးဘေး အန္တရာယ် စသည်တို့လည်း ဖြစ်ကြပါတယ်။

သဘာဝဘေးအန္တရာယ်ကြောင့် အသက်ဆုံးရှုံး ဒဏ်ရာရခြင်း၊ အိုးအိမ်နှင့်အသက်မွေးမှု လုပ်ငန်းများ၊ သီးနှံရိက္ခာများ၊ စားဝတ်နေရေးဆိုင်ရာ အထောက်အကူ ပစ္စည်းများ ၊ ကျွဲ၊ နွား တိရစ္ဆာန် စတဲ့ချက်ချင်း လတ်တလော ဆုံးရှုံးမှုများအပြင် အသက်မွေးမှု အခြေခံ အဆောက်အဦများ ပျက်စီးခြင်း၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများ ထိခိုက်ခြင်း ၊ လမ်းတံတား ဆက်သွယ်ရေး စတဲ့ အခြေခံ အဆောက်အဦများ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးမြေရဲ့ သဘာဝများ ပျက်စီးခြင်း၊

သောက်သုံးရေ၏ အခြေခံများ ပျက်စီးစေခြင်း၊ ကူးစက်ရောဂါများ ပျံ့နှံ့ခြင်းစသည်များလည်းပဲ ကာလအတန်ကြာ ထိခိုက်မှုများကို ဖြစ်ပေါ်စေတာဖြစ်ပါတယ်။

ပျက်စီးမှုပမာဏကြီးမားတဲ့ အခြေအနေမှာ ပြည်ထောင်စုအစိုးရကနေပြီးတော့မှ ဘေးအန္တရာယ် ကျရောက်တဲ့ ဒေသတွေကြေညာပြီးတော့ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်ရန် လိုအပ်မှာ ဖြစ်ပါတယ်။

မိမိရဲ့ လေ့လာချက်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့် ကြော်ငြာစာ အမှတ်(၁၄/၂၀၀၅)နဲ့ ၂၀၀၅ ခုနှစ် ၊ ဇန်နဝါရီလ(၂၅)ရက်က ထုတ်ပြန်ထားတဲ့ နိုင်ငံတော် ဝန်ကြီးချုပ် ဥက္ကဋ္ဌ ၊ အတွင်းရေးမှူး (၁) ဒုတိယ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်(၁၁)ဦးပါဝင်တဲ့ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းပေးထားကြောင်း တွေ့ရှိရပါတယ်။။ အဲဒီအဖွဲ့ရဲ့ လုပ်ပိုင်ခွင့် နှင့် တာဝန်များ (၉)ချက်ကိုလည်းပဲ တိတိကျကျ သတ်မှတ် ပြဋ္ဌာန်း ပေးထားတာ တွေ့ရပါတယ်။ အဲဒီ တာဝန်နဲ့လုပ်ပိုင်ခွင့် အပိုဒ်(ဃ)မှာ ဖော်ပြထားတာကတော့ သဘာဝဘေးအန္တရာယ် ကျရောက်သည့် ဒေသတွင် အရေးပေါ် အခြေအနေ သတ်မှတ် ကြေညာရေး ကိစ္စ၊ လုံခြုံရေး ဆောင်ရွက်ပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပြင် တပ်မတော်၏ အင်အားရယူ အသုံးပြုရေး ကိစ္စများနှင့် ပတ်သက်၍ လမ်းညွှန်မှုပေးရန်လို့ အတိအလင်း သတ်မှတ်ဖော်ပြ ထားပြီးလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ရဲ့ ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်ဝန်ကြီးချုပ်ကို ခန့်အပ်တာဝန် ပေးထားခြင်းဟာ နိုင်ငံတော်အစိုးရရဲ့ အမြော်အမြင် ကြီးမားမှုနဲ့ သဘာဝဘေးအန္တရာယ်နဲ့ ပြည်သူများအပေါ် အထူးအလေးထားကြောင်း၊ ပေါ်လွင် ထင်ရှား လှပါတယ်။ ဝန်ကြီးချုပ်အဆင့်ရှိ ပုဂ္ဂိုလ်ကြီးတစ်ဦးကို ဥက္ကဋ္ဌ အဖြစ် တာဝန်ပေးအပ်တဲ့ နိုင်ငံ၊ အစိုးရများ၊ ကမ္ဘာပေါ်မှာ မရှိသလောက်ရှားမှာ ဖြစ်ကြောင်း၊ လေ့လာသူတိုင်း သိရှိကြမှာ ဖြစ်ပါတယ်။ အထက်ပါအတိုင်း ဗဟိုအဆင့် သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ၊ တိုင်းနှင့်ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့်ထိ အဖွဲ့များဖွဲ့စည်းပေးထားပြီး လုပ်ငန်းတာဝန်များကို လည်းစနစ်တကျ တိကျစွာ သတ်မှတ်ပေးထားတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ နာဂစ်မုန်တိုင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို အချိန်တိုကာလအတွင်း မူလ အခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နာဂစ်မုန်တိုင်းကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ လုပ်ဆောင်မှုများကို အခြား နိုင်ငံများမှာ စံနမူနာကောင်းတစ်ခုအဖြစ် အသိမှတ်ပြုခြင်းခံရသည် အထိပင် အောင်မြင်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၊ သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှု အမျိုးသားအဆင့်ကော်မတီ၊ သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဝန်ကြီးဌာနများ ညှိနှိုင်းပေါင်းစပ်မှုကော်မတီ၊ ပြည်နယ်နဲ့တိုင်း သဘာဝဘေး စီမံခန့်ခွဲမှု ကော်မတီ၊ ဝန်ကြီးဌာနများရဲ့ စီမံခန့်ခွဲမှုကော်မတီများနဲ့ လုပ်ငန်းတာဝန်များ အသေးစိတ်ပါဝင်တဲ့ သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့်ကိုလည်းပဲ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလမှာ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ တိုင်းနဲ့ပြည်နယ်များ၊ ခရိုင်နဲ့မြို့နယ်များ အဆင့်ထိ သဘာဝဘေး စီမံခန့်ခွဲမှု ကော်မတီ အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းပြီးတော့မှ လုပ်ငန်းတာဝန်များလည်းပဲ အဆိုပါ တည်မြဲအမိန့်မှာ သတ်မှတ်ထားပြီးဖြစ်ပါတယ်။ ဂီရိမုန်တိုင်း တိုက်ခတ်စဉ်တုန်းကလည်းပဲ အဆိုပါ ကော်မတီများရဲ့ လေ့ကျင့်ဇာတ်တိုက်မှုများ စနစ်တကျ ကြိုတင်ပြီးတော့မှ ကျွန်တော်တို့ အောက်ခြေ အဆင့် ပြည်သူများအထိ သတိပေးနိုင်ခြင်းနဲ့ ကာကွယ်ရေးလုပ်ငန်းများ ကြိုတင် ဆောင်ရွက်နိုင်မှု ကြောင့် ဂီရိမုန်တိုင်းဟာ အင်အားကြီးမားသော်လည်းပဲ လူသေဆုံးမှု အလွန်နည်းပါးခဲ့တာ ဖြစ်ပါတယ်။။

လက်ရှိအခြေအနေမှာ ကြီးမားပြင်းထန်တဲ့ သဘာဝဘေးဟု မသတ်မှတ်နိုင်တဲ့ နိုင်ငံတစ်ဝှမ်း မှာ ဖြစ်ပေါ်ခဲ့သည့် သာမန်ဘေးအန္တရာယ်များကိုပင် နိုင်ငံတော်အဆင့်မှ အထူးအလေးထား ပြီးတော့မှ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိတာကို လည်း တွေ့ရှိရပါတယ်။

ဒါ့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြထားတဲ့ အခန်း(၁၁) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက် ပုဒ်မ ၄၁၂၊ ပုဒ်မခွဲ(က)မှာ အောက်ပါ အတိုင်းဖော်ပြထားပါတယ် - ဖော်ပြထားချက်ကတော့ တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ် တစ်ခုတွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်ခုတွင် ဖြစ်စေ၊ ယင်းတို့၏ တစိတ်တဒေသတွင်ဖြစ်စေ၊ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ထိပါး အန္တရာယ်ပြုမည့် အခြေအနေတစ်ရပ်ပေါ်ပေါက်လျှင် သို့မဟုတ် ထိုသို့ပေါ်ပေါက်ရန် လုံလောက် သော အကြောင်းရှိကြောင်း သိလျှင်သော်လည်းကောင်း၊ ထိုသို့ ပေါ်ပေါက်ရန် လုံလောက်သော အကြောင်းရှိကြောင်း သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းက တင်ပြရန်သော်လည်းကောင်း နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေး ကောင်စီနှင့် ညှိနှိုင်းပြီးဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည် ဟု တိကျစွာ ပြဋ္ဌာန်း ထားပါတယ်။ ဒါ့အပြင် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ အခန်း(၇) အရေးပေါ်အခြေအနေ ကြေညာ ခြင်း၊ ပုဒ်မ ၈၅ ၊ ပုဒ်မခွဲ (ခ)တို့မှာလည်း အလားတူ တိကျစွာ သတ်မှတ်ပြဋ္ဌာန်းပြီးလည်း ဖြစ်ပါတယ်။

အထက်ပါအခြေအနေများကို ခြုံငုံပြီးတော့မှ သုံးသပ်မယ်ဆိုလို့ရှိရင် နိုင်ငံတော်မှာ အရေးပေါ် အခြေအနေ ကြေညာခြင်းနှင့် ပတ်သက်ပြီးတော့ မှ ခိုင်မာတဲ့ဥပဒေများ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ လက်တွေ့ ဆောင်ရွက်နိုင်ဖို့ကိုလည်းပဲ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟို ကော်မတီများကိုလည်းပဲ စီမံခန့်ခွဲမှုကော်မတီ များအပါအဝင် အောက်ခြေအဆင့်အထိ စနစ်တကျ ဖွဲ့စည်းပြီးတော့မှ လုပ်ငန်းတာဝန်များ တိကျစွာ ပြဋ္ဌာန်းသတ်မှတ်ပြီးတော့မှ လက်တွေ့ဆောင်ရွက်ရာ တွင်လည်းပဲ ထိရောက်အောင်မြင်တဲ့ အတွေ့အကြုံကောင်းများလည်း ကျွန်တော်တို့ ရရှိနေတာ ဖြစ်ပါတယ်။ သို့ရာတွင် ယခုဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးနဲ့ပြည်နယ် အစိုးရအဖွဲ့၊ ပြည်ထောင်စုအစိုးရအဖွဲ့ဟူ၍ ဖွဲ့စည်းထားရာ ကြီးမားပြင်းထန်သည့် သဘာဝဘေးအန္တရာယ်ကြောင့် လူမှုစီးပွားဘဝ ပျက်စီးမှု ကြီးမားပါက တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရ အဖွဲ့တို့မှာ အတွေ့အကြုံ၊ ရုပ်ဝတ္ထုပစ္စည်း အပါအဝင် အခြားအကန့်အသတ်များ ရှိနေပါတယ်။ ဒါ့ကြောင့်မို့လို့ ပြည်ထောင်စု အစိုးရအနေနဲ့ သဘာဝဘေး အန္တရာယ်ကျရောက်တဲ့ ဒေသအဖြစ် ကြေညာပြီးတော့မှ ကယ်ဆယ်ရေး နှင့် ပြန်လည်ထူထောင်ရေးများကို တိုက်ရိုက်ဝင်ရောက် ကူညီပေး သင့်ပါတယ်။ သို့မှသာ ကယ်ဆယ်ရေးနှင့်ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ပိုမိုသွက်လက်မြန်ဆန်အောင်မြင်လာမှာ ဖြစ်ပါတယ်။

သို့ပါ၍ နိုင်ငံတော်အစိုးရမှ မူလကပင် မြန်မာနိုင်ငံ သဘာဝဘေး အန္တရာယ်ကာကွယ် စောင့်ရှောက်ရေးအဖွဲ့ကို လုပ်ပိုင်ခွင့်အပ်နှင်းထားသည့်အတိုင်း ကြီးမားပြင်းထန်သည့် သဘာဝဘေး အန္တရာယ်ကြောင့် လူမှုစီးပွားဘဝပျက်စီးမှု ၊ ပမာဏကြီးမားသည့် အခြေအနေမှာ အဆိုပါဒေသ များအား သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသအဖြစ် သတ်မှတ်ကြေညာပြီးတော့မှ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများကို ပြည်ထောင်စု အစိုးရမှ တိုက်ရိုက်ဝင်ရောက် ကူညီပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊၁၁း၄၄။**

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ ဖြင့် မင်္ဂလာအပေါင်း ခပြောင်းပါစေကြောင်း ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမဲဆန္ဒနယ်မှ ကျွန်တော် ဦးဝင်းသန်းက ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ အခုလိုမြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းအဆိုတင်သွင်းတဲ့ သဘာဝဘေးအန္တရာယ်ကြောင့် လူမှု

စီးပွားဘဝပျက်စီးမှု ပမာဏကြီးမားသော အခြေအနေတွင် တိုင်းဒေသကြီး/ ပြည်နယ် အတိုင်း အတာဖြင့် မဖြေရှင်းနိုင်သောအခါ နိုင်ငံတော်က အရေးပေါ် သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသအဖြစ်ကြေညာပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကဏ္ဍအား ပြည်ထောင်စု အစိုးရမှ တိုက်ရိုက်ဝင်ရောက် ကူညီပေးပါရန် အဆိုအား ပါဝင်ဆွေးနွေးခွင့် ပြုတဲ့အတွက် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်အား အထူးကျေးဇူးတင်ရှိပါတယ်။ ဆဋ္ဌမနေ့ အစီအစဉ်က ဦးဖေသန်းတင်ပြခဲ့တဲ့ ဂီရိမုန်တိုင်းဒဏ်သင့် ပြန်လည်ထူထောင်ရေးအစီအစဉ်မှာ အကူအညီပေးရေး အစီအစဉ်အချို့ ရှိနေခဲ့ပြီးဖြစ်သော်လည်း ပျက်စီးသွားတဲ့ ဆည်မြောင်းတာတမံ တွေ မဖို့နိုင်သေးဘူး။ ကျွဲနွားတွေမရှိသေးဘူး၊ မျိုးစပါးတွေလည်း မရှိသေးပါဘူးဆိုတဲ့ တင်ပြချက်အပေါ်မှာ ကျွန်တော်တို့ နားလည်စာနာမှု ပေးနိုင်ပါတယ်။ နိုင်ငံတော်ရဲ့ ဒေသတစ်ခုခုမှာ ဘေးဥပဒ် ကျရောက်တဲ့အခါ တည်ဆဲအစိုးရတစ်ရပ်ဟာ၊ သွားရောက်ကူညီရိုးထုံးစံ အစဉ်အလာ ရှိနေဆဲ ဖြစ်ပေမယ့်လို့ ပြည့်ဝတဲ့ ဒီမိုကရေစီစနစ်မှာ၊ ဥပဒေသာ အဓိကကျောရိုးမဏ္ဍိုင်ဖြစ်တာနဲ့အညီ ကူညီပေးတဲ့နေရာမှာ ပြည့်တာလည်းပြည့်၊ လိုတာလဲလို ထားလိုက်လို့မရတော့ဘဲ၊ ပြည်ထောင်စု အစိုးရရဲ့ အရေးပေါ် ကယ်ဆယ်ရေး ကော်မရှင် ဖွဲ့စည်းခွင့်၊ အရေးပေါ်ကယ်ဆယ်ရေးကာလ အတွင်းမှာပဲ ပြည်ထောင်စု အဆင့်က တိုက်ရိုက်ပါဝင်ပြီးတော့ ကူညီပေးသင့်တဲ့ အခြေအနေကို ရောက်မရောက်ကို စိစစ်ရေး ကော်မရှင် ဖွဲ့စည်းခွင့်၊ ၄င်းကော်မရှင်က စိစစ်ထောက်ခံ တင်ပြလာတဲ့အခါမှာ ပြည်ထောင်စုအဆင့်က တိုက်ရိုက်ပါဝင် ဆောင်ရွက်ပေးသည့် ပြန်လည်ထူထောင်ရေးကော်မတီ ဖွဲ့စည်းခွင့်၊ ထိုကော်မတီနဲ့ ကော်မရှင်အသီးသီးရဲ့ ကိုင်တွယ်ဆောင်ရွက်ရမယ့် ဥပဒေ၊ နည်းဥပဒေများ၊ ဒါ့အပြင် ပါဝင်ဆောင်ရွက်မည့် အင်န်ဂျီအို-အိုင်အင်န်ဂျီအိုများ ဝင်ရောက်ကူညီမယ်ဆိုရင်လည်း သူတို့အတွက် သတ်မှတ်ပေးထားမယ့် နည်းဥပဒေလုပ်ထုံးလုပ်နည်းများ ခိုင်ခိုင်မာမာပြဋ္ဌာန်းထားပြီးဖြစ်စေရေးကို အဲဒီအဆင့်များ အထိ ရည်ရွယ်ပြီး ဒီအဆိုကိုတင်သွင်းတယ်လို့ နားလည်သဘောပေါက်မိပါတယ်။

ကျွန်တော်ဖြည့်စွက်ဆွေးနွေးလိုတဲ့ အဓိကအချက်ကတော့ လွှတ်တော်အနေနဲ့ အထက်ပါအတိုင်း ဥပဒေ၊ နည်းဥပဒေများ၊ ပြဋ္ဌာန်းချက်များ ရေးဆွဲနိုင်တဲ့အထိ သွားမယ်ဆိုလို့ရှိရင် ချန်မထားခဲ့စေချင်တဲ့အချက်တစ်ချက်ကို ဆွေးနွေးလိုခြင်းဖြစ်ပါတယ်။ အဲဒါကတော့ တိုက်ရိုက် ဘေးအန္တရာယ်တိုက်ခိုက်ခံရတဲ့ ဒေသကိုသာမကဘဲ၊ တိုက်ရိုက်နီးပါး သွယ်ဝိုက်ထိခိုက်ခံရတဲ့ ဒေသတွေကိုပါ စိစစ်ပြီးတော့မှ အကူအညီပေးနိုင်ဖို့ အချက်အလက်တွေကို ထည့်သွင်းပြဋ္ဌာန်း ပေးစေလိုပါတယ်။ ဒီတင်ပြချက်ဟာဆိုရင် ဂီရိမုန်တိုင်းနဲ့အတူ၊ မကြာခင်ကမှ ကျွန်တော်တို့ သာပေါင်းမြို့နယ်မှာ ခံစားခဲ့ရတဲ့ လက်တွေ့အခြေအနေပေါ်မူတည်ပြီး ပေါက်ဖွားလာတာဖြစ်ပါတယ်။ ကျွန်တော်တို့ သာပေါင်းဒေသဟာ အနောက်ရိုးမနဲ့အရှေ့ဘက်၊ ကျောင်းကုန်း-ရေကြည်လွင်ပြင်ကြား

ထဲမှာ ပင်လယ်ရေ မျက်နှာပြင်အထက် ပျမ်းမျှ ၃ ပေမှ ၁၀ ပေအထိ မြင့်တဲ့လွင်ပြင်ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ တောင်ဘက်၊ အောက်ဘက်မှာ ပင်လယ်ရေပြင်အထက် ပျမ်းမျှ ၁၈ ပေမြင့်တဲ့ ပုသိမ်လွင်ပြင်ခံနေပါတယ်။ မြန်မာနိုင်ငံတစ်နံတစ်လျားက ဘယ်ကပဲ မိုးရွာရွာရေကြီးကြီး ကျွန်တော်တို့ဒေသမှာ အိုင်ပြီးမှ ပင်လယ်ထဲကို စီးဆင်းပါတယ်။ နှစ်စဉ်ရေကြီးတာကို ပုံမှန်ခံနေကျဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဒေသရဲ့ စပါးစိုက်ပျိုးမှုကို ရေကျနောက်စိုက်မှုလို့ခေါ်ပါတယ်။ ဒီလို ရေကျနောက်စိုက်နှင့်လိုက်ပြီးတော့ လုပ်ရတာတောင်မှ ကျွန်တော်တို့တစ်နှစ်ကို စပါးတင်းပေါင်း ၃သန်း မှ ၅ သန်း ထိထုတ်လုပ်ပေး နေတဲ့ဒေသဖြစ်ပါတယ်။

မနှစ်က ဂီရိမုန်တိုင်းမကျမီမှ ပုံမှန်ကြီးတဲ့ရေ ကျတော့မည်ဆိုတဲ့အချိန်နဲ့ တောင်သူတွေဟာ နှစ်စဉ်နှစ်တိုင်းလိုပင် ချိန်ကိုက်ပြီးကုန်းမြင့်တဲ့ဒေသတွေကို ငှားရမ်းပြီးတော့ ပျိုးတွေထောင်ထား ကြပါတယ်။ သူတို့စိုက်လိုက်တဲ့အချိန်မှာ တောင်တရုတ်ပင်လယ်က မုန်တိုင်းတစ်ခု ကြိုပြီး ဝင်သွားပါတယ်။ တောင်တရုတ်ပင်လယ်က မုန်တိုင်းကြောင့်မို့လို့ ရှမ်းကုန်းမြေမြင့်မှာ မိုးရေချိန် အများကြီး ရွာခဲ့ပြီးတော့ ဒုဋ္ဌဝတီမြစ်ရေ လျှံတယ်ဆိုတဲ့သတိပေးချက်ရရှိပါတယ်။ ကျွန်တော်တို့ တောင်သူတွေကို ကျေးရွာအုပ်စုအလိုက် သတိပေးပေမယ့် မမီတော့ပါဘူး။ ဒုဋ္ဌဝတီမြစ်ရေကျလာတဲ့ နောက်ပိုင်းရက်မှာ ကျွန်တော်တို့စိုက်လက်စ စိုက်ခါစဖြစ်တဲ့ကောက်ပင်တွေနဲ့ ပျိုးတွေအားလုံးဟာ ရေထဲသို့ ပါသွားပါတယ်။ အဲဒီတော့ ပြန်ပျိုးထောင်မှုမရတော့တဲ့အချိန်မှာ ဒုတိယမ္ပိအနေနှင့် တောင်သူလယ်သမားတွေဟာ ကြိုးစားပြီးတော့ မျိုးစေ့တိုက်ရိုက်ချပြီးတော့ စိုက်ဖို့ ကြဲကြပါတယ်။ အဲဒီအချိန်မှာ ဂီရိမုန်တိုင်း တည့်တည့်ဝင်လာပါတယ်။ ဂီရိမုန်တိုင်းဟာ ရခိုင်ပြည်မှာ တိုက်သွား တယ်ဆိုပေမယ့်လို့ ရခိုင်ရိုးမ အနောက်ကမ်းမှာ ရှိတဲ့မိုးရေဟာ ဘင်္ဂလား ပင်လယ်အော်ထဲကို လွယ်လွယ်ကူကူ စီးဆင်းသွားပေမယ့်လို့ ဘင်္ဂလားပင်လယ်အော် ရခိုင်ရိုးမအရှေ့ခြမ်းကို ရွာတဲ့မိုးရေ တွေအားလုံးဟာ ကျွန်တော်တို့ဒေသကို စီးဆင်းပါတယ်။ ပုံမှန်မိုးရေ မဟုတ်တဲ့အတွက် ရေစီး ကြမ်းကြမ်းနဲ့ စီးဆင်းတာမို့လို့ ဒုတိယပျိုးကြဲစိုက်ထားတဲ့၊ ဖြန့်ကြဲ စိုက်ထားတဲ့ မျိုးစပါးတွေ အားလုံး လယ်ကွင်းထဲ ကနေပါသွားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ တိုင်းရင်းသား လယ်သမား တွေဟာ မပျော့ညံ့ကြပါဘူး။ တတိယအကြိမ် ကြိုးစားတဲ့အနေနဲ့ ရရာနေရာကနေပြီးတော့ ၁၀ ကျပ် တိုးနဲ့ ဆွဲပြီးတော့ သူတို့နောက်ထပ် တတိယအကြိမ် စပါးစိုက်ဖို့ လုပ်ကြပါတယ်။ အဲဒီလို လုပ်တဲ့အချိန်မှာ အထက်ပိုင်းဒေသကမျိုးစပါးတွေကလည်း ပုံမှန် ဈေးထက်နှစ်ဆဝယ်ရတဲ့ အနေအထားကို ရောက်သွားပါတယ်။ ဒီအချိန်မှာပဲ တိုက်ဆိုင်တာ တစ်ခုထပ်ဖြစ်တာက မိုးဦးကျ စိုက်ဆိုတဲ့စနစ်နဲ့ စိုက်ဘဏ်ချေးငွေချေးထားတဲ့အချိန်ဟာ ပြန်ဆပ်ဖို့ အချိန်တည့်တည့် ကျရောက် ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီဒေသမှာ ဘာဖြစ်သွားလဲဆိုတော့ နှစ်ကျပ်တိုးနဲ့ ချေးထားတဲ့ငွေကို ပြန်ဆပ်ဖို့ ၁၀ တိုးနဲ့ ချေးယူရတယ်ဆိုတဲ့ ပြောစမှတ်လည်း တွင်သွားပါတယ်။ အဲဒီအချိန်မှာ

ဂိုဒေါင်တွေထဲမှာရှိတဲ့ လက်ကျန်ဓာတ်မြေသြဇာတွေကလဲ သြဇာဓာတ် ပြည့်ဝတယ် မပြည့်ဝတယ် မစိစစ်နိုင်တော့ဘဲနဲ့ အဆင်ပြေသလိုဘဲ သုံးကြရပါတယ်။ နောက်ထပ်တိုက်ဆိုင်တဲ့ ဒုက္ခ တစ်ခုကတော့ အဲဒီရာသီဟာ ကျွန်တော်တို့ လိုင်စင်ရ ငါးဖမ်းလုပ်ငန်းမှ အင်းအိုင်တွေမှာ ငါးပုဇွန် တွေ စုဆောင်း သိမ်းဆည်းတဲ့ ကာလဖြစ်တဲ့အတွက် ချောင်းတွေမြောင်းတွေ ပို့ဆောင်သွားလာရေး မြောင်းတွေရိုးတွေ အားလုံးဟာ ကျွန်တော်တို့ ပိတ်ပြီးတော့ တားထားတဲ့ အခြေအနေ ရောက်ပါတယ်။ အဲဒီတော့ ရရာနေရာကနေ ဝယ်ရတဲ့ ပျိုးတွေကို သယ်ဖို့အတွက် လှေတွေ၊ စက်လှေတွေနဲ့ မသယ်ဆောင် နိုင်တော့ပါဘူး။ အဝေးကြီးမှာ အဲဒီလှေတွေ ရပ်ပြီးတော့မှ ပျိုးတစ်ထုတ်ခြင်းတို့ကို လူငှားပြီး ထပ်ထမ်း ရတဲ့ ဝန်ထုတ်ဝန်ပိုး ဒုက္ခကလည်း အပိုကုန်ကျစရိတ် ထပ်ဆောင်းပါတယ်။ ဒါ့အပြင်မှာ ကျွန်တော်တို့ မြစ်ချောင်းအင်းအိုင် ပေါများတဲ့ အရပ်ဆိုတာနဲ့အညီ ကျွန်တော်တို့ ဒေသတွေဟာ ဆည်ကြီးတွေ မြောင်းတာကြီးတွေ မရှိပါဘူး။ အဲဒီတော့ ခုနက စိုက်ခင်းတွေကိုရေကျသွားလို့ စိုက်မယ်လဲဆိုရော အားလုံး ကုန်းခေါင်ခေါင် ဖြစ်တဲ့အတွက် ဒီဇယ်ဆီဝယ်ပြီးတော့ မြစ်ကနေ ရေ ပြန်တင်ရပါတယ်။ ဒီဇယ်ဆီ ကိုလည်း အကြွေးယူရတဲ့အတွက် ဈေးနှုန်းပိုကြီးတဲ့အပြင်မှာ အချို့ မြစ်နဲ့ဝေးတဲ့ နေရာတွေမှာ ငါးမွေးမြူရေးကန်ထဲက ရေတွေကို ဖောက်ထုတ်ပေးပါလို့ တောင်းပန်တိုးလျှိုးပြီးတော့ ယူရပါတယ်။ အလကားတော့ မရပါဘူး ။ ၂၄နာရီတစ်ပတ် ရေမောင်းတင်ခ ဟာ ကျပ် ၈၀၀၀ နှုန်းရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါတွေအားလုံးကို ကျွန်တော်တို့ ပေါင်းစပ် ကြည့်လိုက်ရင် အာဖရိကတိုက်က စိန်တွေကို သွေးစွန်းနေတဲ့ စိန်တွေလို့သတ်မှတ်နေတဲ့ အချိန်မှာ အလားတူပဲ ကျွန်တော်တို့ စားသောက်ရတဲ့ ဆန်တွေ၊ ထမင်းတွေဟာ ဒီလယ်သမားတွေရဲ့ မျက်ရည်နဲ့ ရင်းထားရ ပါတယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ ဒါတွေအားလုံးဟာ မုရင်းဘေးဆိုးကပ်ဆိုး ကျရောက်ရာ ဒေသတွေသာမက ဘေးထွက်ထိခိုက်ခံရတဲ့ ဒေသတွေကိုပါ ဥပဒေအရ စိစစ်ပြီးတော့ ကယ်ဆယ်ပေး နိုင်ဖို့ ကာကွယ်ပေးနိုင်ဖို့ လိုအပ်နေပြီဆိုတဲ့အချက်ကို ဖော်ပြနေတာ ဖြစ်ပါတယ် ခင်ဗျား။

ကျွန်တော် ယခုလိုတင်ပြလိုက်တဲ့အတွက် နိုင်ငံအတွက် စားစရာသုံးစရာ တစ်ခုခု ထုတ်လုပ် ပေးနေတဲ့ ဒေသတွေကိုသာ ပြန်လည်ကြည့်ရှုစောင့်ရှောက်ရမယ်ဆိုတဲ့ သဘောမျိုး မသက်ရောက် စေလိုပါဘူး ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား နိုင်ငံတော်အတွက် ဘာတစ်ခုမှထုတ်လုပ် ပေးသည်ဖြစ်စေ၊ မထုတ်လုပ်ပေးသည်ဖြစ်စေ၊ ဘေးဆိုးကပ်ဆိုး ကျရောက်တဲ့ ဒေသဟူသမျှကို ပြည်ထောင်စုရဲ့ ကျန်ဒေသများက ပစ်မထားဘူးဆိုတာ အဲဒီဒေသကလူတွေ သိရှိခံစားရရင် သူတို့ရဲ့ ပြည်ထောင်စု စိတ်ဓာတ်ကို ကျွန်တော်တို့အရယူလိုက်နိုင်တာဖြစ်ပါတယ်။ ကမ္ဘာ့အရှေ့အလယ်ပိုင်းမှာ အစ္စရေး နိုင်ငံသားတစ်ယောက် နယ်စပ်မှာပျောက်သွားခဲ့ရင် သူတို့ရဲ့ လေယာဉ်တွေထပ်ပြီးတော့ ဗုံးသွား ကြဲပါတယ်။ အစ္စရေးနိုင်ငံသား ဖြစ်ရတာကို တစ်ယောက်ချင်းဟာ သိပ်ဂုဏ်ယူ ပါတယ်။ကျွန်တော်တို့

ဘေးဆိုးကပ်ဆိုးကျရောက်နေတဲ့ ဘယ်ဒေသကမဆို နိုင်ငံသားတစ်ယောက်ဟာ မြန်မာနိုင်ငံသား စိစစ်ရေးကတ်ပြားတစ်ပြားကို ကိုင်ထားရတဲ့သူတစ်ဦးအနေနဲ့ တို့မြန်မာဖြစ်ရတာ သိပ်ဟုတ်ပါလားလို့ ဂုဏ်ယူခဲ့မယ်ဆိုရင် ဒါဟာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ ဂုဏ်သရေ အစစ်ဖြစ်ပါလိမ့်မယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ ဆဋ္ဌမနေ့လမ်းညွှန်ချက်အရ ဆွေးနွေးသင့်တာကို တစ်ဆက်တစ်စပ်တည်း ဆွေးနွေးဖို့ နောက်ဆုံးတစ်ချက်အနေနဲ့ ခွင့်ပြုစေလိုပါတယ်။ ဒါကတော့ ဘေးဆိုးကပ်ဆိုးကျရောက်တဲ့ဒေသတိုင်းကို သာမန်ပြန်လည်ထူထောင်ရုံမျှသာမကဘဲ နဂိုမူလအတိုင်း လုပ်စားကိုင်စားနိုင်တဲ့အထိ ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းပေးလိုက်ရင် လူတွေကို လူပျင်းတွေဖြစ်သွားအောင် လုပ်ပေးရာ မရောက်ဘူးလားလို့ စောဒကတက်လိုသူရှိရင် ဆွေးနွေးတဲ့အချက်ဖြစ်ပါတယ်။ ဘရာဇီးလ်နိုင်ငံမှာ လူတွေကို ပြည့်နိုင်သမျှပြည့်အောင် ဖြည့်ပေးရင်း ရေသာခိုမယ်လို့ ကန့်ကွက်နေတဲ့ကြားက သူတို့အဲဒီလိုမျိုး ဆောင်ရွက်ခဲ့တဲ့အတွက် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွေမှာဆိုရင် နိုင်ငံတကာနမူနာယူရတဲ့ ဘရာဇီးလ်မိုတယ်ဆိုတာ ပေါ်ပေါက်နေ ပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘေးဆိုးကပ်ဆိုး ကျရောက်တဲ့နေရာတွေကို မူလအတိုင်း ပြီးပြည့်စုံအောင် ပြည့်နိုင်သမျှ ပြည့်အောင် ကယ်ဆယ်ဖြည့်ဆည်းပေးတာဟာ မှားသွားစရာအကြောင်း မရှိပါဘူးလို့လည်း နောက်ဆုံးအနေနဲ့ ဖြည့်စွက်တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့်တင်ပြရရင် မြေပုံမြို့က ဦးဖေသန်းတင်ပြတဲ့ သဘာဝဘေးအန္တရာယ်ကြောင့် ဒေသတစ်ခုပျက်စီးမှုဟာ ကြီးမားခဲ့ရင် ပြည်ထောင်စုအစိုးရက တိုက်ရိုက်ဝင်ရောက် ကယ်ဆယ်ကူညီဖို့ အဆိုကို ဥပဒေ၊နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ ခိုင်ခိုင်မာမာ ပြဋ္ဌာန်းနိုင်တဲ့အထိ ပြည်သူ့လွှတ်တော်က ကြိုးပမ်းသင့်တာကို ထောက်ခံလိုပါကြောင်း၊ ၎င်းဖြစ်ပေါ်လာနိုင်တဲ့ ဥပဒေကြမ်းနှင့် လုပ်ထုံးလုပ်နည်းများထဲမှာ သွယ်ဝိုက်၍ ထိခိုက်ပျက်စီးသောဒေသများကိုပါ ထည့်သွင်းစဉ်းစား ပေးနိုင်သော ပြဋ္ဌာန်းချက်များ ပါဝင်လျှင် ပိုကောင်းနိုင်ပါကြောင်းနှင့် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ကြိုးပမ်းမယ်ဆိုရင် တောင်မှ မုန်တိုင်းတွေ ကျရောက်တတ်တဲ့ မေလ၊ ဇွန်လများကို ယခုအချိန်ကစလို့ မကြာခင်မှာပဲ နီးကပ်နေပြီဆိုတာကို လွှတ်တော်က သတိထားမိစေလိုကြောင်းအားလုံးကို လေးစားစွာ အကြံပြု ဆွေးနွေးရင်း ကျွန်တော့် တင်ပြချက်ကို နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ကျောက်ဖြူ မဲဆန္ဒနယ်မှ ဦးဘရှိန်က ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဦးဘရှိန်အား ဆွေးနွေးပေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ ပြောကြားပါရစေ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့ ဆွေးနွေးမယ့် အကြောင်းအရာ ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖေသန်းတင်သွင်းထားတဲ့ သဘာဝဘေးအန္တရာယ် တစ်ခုခု ကြောင့် လူမှုစီးပွားဘဝ ပျက်စီးမှုပမာဏကြီးမားသော အခြေအနေ တွင် တိုင်းဒေသကြီး/ပြည်နယ် အတိုင်းအတာဖြင့် မဖြေရှင်းနိုင်သောအခါ၌ နိုင်ငံတော်က အရေးပေါ် သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသအဖြစ် ကြေညာပြီး ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေး ကဏ္ဍအား ပြည်ထောင်စုအစိုးရမှ တိုက်ရိုက်ဝင်ရောက်ကူညီပေးပါရန်ဆိုတဲ့ အဆိုပေါ်မှာ အကြံပြုဆွေးနွေးဖို့ ဖြစ်ပါတယ်။ ကျွန်တော့်ကို ဒီလိုဆွေးနွေးခွင့်ပြုသည့်အတွက်ကြောင့် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးကို ကျေးဇူးတင်ကြောင်း ပြောပါရစေ။

ဒီအဆိုနဲ့ ပတ်သက်ပြီး ကျွန်တော့်အရှေ့က အမ်းမဲဆန္ဒနယ်က ဝန်ကြီး ဦးသိန်းဆွေ၊ သာပေါင်း မဲဆန္ဒနယ်က ကိုယ်စားလှယ် ဦးဝင်းသန်းတို့ကလည်း လိုအပ်တာတွေကို ကျယ်ကျယ်ဝန်းဝန်း ဆွေးနွေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီဆွေးနွေးချက်တွေအပေါ်မှာ ကျွန်တော် တွေ့ကြုံသိရှိထားတဲ့ ကျွန်တော် နေထိုင်လျက်ရှိတဲ့ ရခိုင်ပြည်နယ်က အကြောင်းအရာတွေကို အဓိက ထားပြီးတော့ ဆွေးနွေး တင်ပြလိုပါတယ်။

ရှေ့ကဆွေးနွေးသွားကြတဲ့ ဦးသိန်းဆွေ ၊ ဦးဝင်းသန်းတို့ရဲ့ ဆွေးနွေးချက်တွေမှာ တော်တော် များများ ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ဝန်းဝန်း ပါရှိသွားပြီးဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ် ဆိုတာ ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး သိရှိကြတဲ့အတိုင်း ရေဘေး၊ လေဘေး၊ ငလျင်ဘေးစတဲ့ ဘယ်အချိန်၊ ဘယ်ကာလ၊ ဘယ်နေရာမှာ ဘယ်လိုပုံစံမျိုးနဲ့ကျရောက်လာမှာဆိုတာ မသိနိုင်တဲ့ အန္တရာယ်တွေဖြစ်တယ်ဆိုတာကို အားလုံးသိကြပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ လည်း သဘာဝဘေးအန္တရာယ်တွေဟာ အခါအားလျော်စွာ ကျရောက်ပါတယ်။ ကျွန်တော်တို့ ပုဂံငလျင်၊ ဧရာဝတီနဲ့ ရန်ကုန်တိုင်း နာဂစ်မုန်တိုင်း၊ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ၂၂-၁၀-၂၀၁၀နေ့ မှာ တိုက်ခတ်သွားတဲ့ ဂီရိမုန်တိုင်း၊ ဒါတွေဟာ သဘာဝဘေးအန္တရာယ်တွေဖြစ်ပါတယ်။ ၂၀၀၈ခုနှစ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းမှာ တိုက်ခတ်ခဲ့တဲ့ နာဂစ်မုန်တိုင်း ၊ ၂၀၁၀ခုနှစ်၊ အောက်တိုဘာလ ၂၂ရက်နေ့မှာ တိုက်ခတ်ခဲ့တဲ့ ဂီရိမုန်တိုင်း၊ ဒီမုန်တိုင်းဘေးအန္တရာယ်တွေရဲ့ အကျိုးဆက်တွေကို သက်ဆိုင် ရာဒေသအသီးသီးမှာ နေထိုင်ကြတဲ့ ဒေသခံပြည်သူတွေဟာ ဒီနေ့ ဒီအချိန်ထိ ခံစားနေရဆဲ ဖြစ်ပါတယ်။ နာဂစ်မုန်တိုင်းဟာ နိုင်ငံတော်အတွက် အပျက်အစီး အဆုံးအရှုံးများတယ် ဆိုတာ အကုန်လုံးသိကြပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ၂၀၁၀ခုနှစ်၊အောက်တိုဘာလ ၂၂ ရက်နေ့ က တိုက်ခတ်သွားတဲ့ ဂီရိမုန်တိုင်းဟာ နာဂစ်မုန်တိုင်းနဲ့ ယှဉ်ရင်တော့ကာ လူအသေအပျောက် အပျက်

အစီးအဆုံးအရှုံးနည်းပါတယ်။ သို့သော် ဒီမှာလည်း ပျက်စီးဆုံးရှုံးမှုတွေဟာ ဒေသအခြေအနေနဲ့ ကြည့်လို့ရှိရင် ပြင်းထန်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ကာ ဒီ ဂီရိမုန်တိုင်းဟာ ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွင်း တိုက်ခတ်တဲ့ အခါ တောင်ဘက် မာန်အောင်မြို့နယ်ကစပြီးတော့ မြောက်ဘက်မင်းပြားမြို့နယ် အတွင်းမှာ ကျရောက်တဲ့ ဒေသတွေကို တစ်နာရီမိုင် ၁၂၀နှုန်းနဲ့ တိုက်ခတ်သွားခဲ့ပါတယ်။ အဆိုးရွားဆုံးခံစားရတဲ့ မြို့နယ်က မြေပုံမြို့နယ်ပါ။ ကျန်တဲ့မြို့နယ်တွေလည်း ပျက်စီးဆုံးရှုံးမှု များပါတယ်။ ကျွန်တော်တို့ သိရှိတဲ့ သတင်းအချက်အလက်များအရ ရခိုင်ပြည်နယ်မှာ ဒီ ဂီရိမုန်တိုင်းကြောင့် လူပေါင်း နှစ်သိန်း ကျော်လောက်အန္တရာယ်တွေကို ကြုံခဲ့ရပါတယ်။ ဆိုးဆိုးရွားရွား ကြုံတွေ့ခဲ့ရတဲ့ လူဦးရေက တစ်သိန်းကျော်လောက် ရှိတယ်ဆိုတာ သိကြပါတယ်။ ကျွန်တော်တို့ ဒီ ဂီရိမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုနဲ့ မြို့နယ်များ အနေနဲ့က အများဆုံးပျက်စီးဆုံးရှုံးတာကတော့ ကျောက်ဖြူမြို့နယ်၊ မြေပုံမြို့နယ်၊ ပေါက်တောမြို့နယ်နဲ့ မင်းပြားမြို့နယ်တို့ ဖြစ်ကြပါတယ်။ လူအသေအပျောက်အားဖြင့် ၄၅ ယောက်လောက် စာရင်းရပေမယ့် စာရင်း မရသေးတဲ့ သူများလည်းရှိနိုင်ပါတယ်။ လူအသေ အပျောက်အပြင် ပျက်စီးဆုံးရှုံးမှုတွေက များပါတယ်။ ကျွန်တော်တို့ ဒီ ဂီရိမုန်တိုင်းကြောင့် လူနေ အိမ်ခြေ ပျက်စီးဆုံးရှုံးပါတယ်။ ဒေသမှာနေတဲ့ လုပ်ကိုင်စား သောက်နေကြတဲ့ လယ်ယာတွေ ၊ ပုဇွန်မွေး ကန်တွေ၊ ဆားကွင်းတွေ ၊ငါးဖမ်းလှေတွေ၊ ငါးဖမ်းစက်လှေတွေ၊ ငါးဖမ်းပိုက်တွေ၊ သီးနှံပင်တွေ၊ သစ်ပင်တွေ၊ ရေတွင်းရေကန်တွေများစွာ ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ ဒီလိုပျက်စီးဆုံးရှုံးတဲ့အတွက်ကြောင့် နိုင်ငံတော်က ဌာနဆိုင်ရာနဲ့ NGO ၊ INGO အဖွဲ့အစည်း တွေက ကယ်ဆယ်ရေးလုပ်ငန်းတွေပြန်လည် ထူထောင်ရေးလုပ်ငန်းတွေမှာ အထိုက်အလျောက်ပါဝင် ကူညီခဲ့ ကြတယ်ဆိုတာကိုလည်း ကျွန်တော်တို့ ကိုယ်တွေ့တွေ့ရပါတယ်။ သတင်းစကားအားဖြင့်လည်း ကြားရပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ ဒီ ဂီရိမုန်တိုင်း ပျက်စီးမှုအခြေအနေဟာ အကူအညီရတဲ့ အကူအညီတွေနဲ့ဆိုရင် အလွန်အကျွံနည်းပါတယ်။ ကျွန်တော်တို့ ဒီ ဂီရိမုန်တိုင်းကြောင့် ရခိုင်ပြည်နယ် မှာစိုက်ပျိုးမြေ လယ်မြေတွေအနက်က အပျက်အစီး ကြီးကြီးမားမားရှိပါတယ်။ ဒီ ဂီရိမုန်တိုင်းကြောင့် လယ်မြေ ၉၇၁၂၅ ဟက်တာပျက်စီးတယ်လို့ ကျွန်တော်တို့ သတင်းရရှိပါတယ်။ ဒီလယ်မြေတွေဟာ ရခိုင်ပြည်နယ်မှာ စိုက်နိုင်ပျိုးနိုင်တဲ့ စိုက်ခင်းပျိုးခင်းတွေရဲ့ ထက်ဝက်ကျော်ရှိတယ်လို့ ကျွန်တော်တို့ သိရပါတယ်။ အဲဒီ စိုက်ခင်းပျိုးခင်းတွေ ပျက်စီးသွားတဲ့အတွက်ကြောင့် ဒီဒေသမှာနေတဲ့ ပြည်သူတွေ စားဝတ်နေရေး အခက်အခဲကြုံတဲ့အပြင် ဒီဒေသက ဒေသခံတွေ စားဖို့သောက်ဖို့အတွက်ကို ပြည်ထောင်စုနိုင်ငံရဲ့ အခြားနေရာတွေက ထောက်ပံ့ကူညီပေးရမယ်၊ ရောင်းချပေးရမယ်စတဲ့ ပံ့ပိုးမှုတွေ လုပ်ရမှာ ဖြစ်တဲ့ အတွက်ကြောင့် ဒီထိခိုက်မှုဟာ ကျွန်တော်တို့ ရခိုင်ပြည်နယ် မုန်တိုင်းသင့် ဒေသတွေလောက်သာ ထိခိုက်တာမဟုတ်ပါဘူး။ ပြည်ထောင်စုနိုင်ငံတစ်ခုလုံးကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်တဲ့နည်းနဲ့ ထိခိုက်တာဖြစ်တယ်ဆိုတာ ကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ် ။

ကျွန်တော်တို့ ဒီ ဂီရိမုန်တိုင်း ကြောင့် ပျက်စီးဆုံးရှုံးမှုကို ကယ်ဆယ်ရေးအနေနဲ့ ဌာနဆိုင်ရာ အဖွဲ့အစည်းများ NGO ၊ INGO အဖွဲ့အစည်းများက ကူညီပံ့ပိုးတာ ရှိပေမယ့်လည်း အလွန်အကျွံ

နည်းပါးတာတွေ့ရပါတယ်။ ကျွန်တော်ကိုယ်တွေ့ ဒေသခံပြည်သူတွေရဲ့ ဆွေးနွေးတင်ပြချက်အရ ဒါက အောက်တိုဘာလ ၂၂ ရက် နေ့က တိုက်ခတ်သွားတဲ့ ဂီရိမုန်တိုင်းကြောင့် လယ်ယာမြေတွေ ပျက်စီးတယ်။ ဒီလယ်ယာမြေတွေဟာ မြေနိမ့်ဒေသတွေမှာ တည်ရှိကြပါတယ်။ မြေနိမ့်ဒေသတွေမှာ ရေငန်တား တာတမံတွေ ဆယ်ဖို့ပြီးတော့ လယ်ယာလုပ်ကိုင်ကြပါတယ်။ ဂီရိမုန်တိုင်းတိုက်တဲ့အချိန်မှာ ရေကြီးတယ်။ လှိုင်းကြီးတယ်။ ရေတွေ လှိုင်းတွေ လေတွေနဲ့ ဒီတာတမံတွေ ရေငန်တားတာတမံတွေ ကျိုးပေါက်ပျက်စီးသွားပါတယ်။ ကျိုးပေါက်ပျက်စီးတဲ့အချိန်ကလည်း မိုးအကုန် လယ်သမားတွေ ဝမ်းစာ၊ မိုးဝမ်းစာကုန်တဲ့အချိန် စိုက်ပျိုးထားတဲ့ စပါးပင်တွေ သီးစ၊ မှည့်စ အဲဒီလိုအချိန်မှာ ဒီသဘာဝဘေးအန္တရာယ် ကျရောက်လိုက် တဲ့ အတွက်ကြောင့် စားစရာဆန်မရှိ၊ လုပ်စရာလယ်မရှိ အဲဒီလို ဘဝမျိုးနဲ့ ကြုံတွေ့ခဲ့ကြရပါတယ်။ ပျက်စီးဆုံးရှုံးတဲ့ သဘာဝဘေး အန္တရာယ်သင့်ဒေသက အထူးသဖြင့် တောင်သူလယ်သမားတွေဟာ စားစရာမရှိတော့ကာ နေ့စဉ်ဘဝရပ်တည်ရေးအတွက် စားစရာတွေလိုက်ရှာတယ်၊ အဲဒီလို စားစရာအတွက် ရုန်းကန်နေရတဲ့အချိန်မှာ သူတို့ရဲ့ ပျက်စီးသွားတဲ့ တာတမံတွေကို ဆယ်ဖို့လုပ်ငန်းကို ပြန်မကြည့်နိုင်တော့ပါဘူး။

အဲဒီတော့ သဘာဝဘေးအန္တရာယ်တွေ ကျရောက်တဲ့ ဒေသမှာ ကယ်ဆယ်ရေးအနေနဲ့ ကျွန်တော်တို့ တွေ့ခဲ့ရတာတွေ ရှိပါတယ်။ ကြုံခဲ့ရတာတွေရှိပါတယ်။ သတင်းစကားကြားရတာတွေ ရှိပါတယ်။ အဲဒီ အောက်တိုဘာလ ၂၂ရက် နေ့နောက်ပိုင်းက ကျွန်တော်တို့ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ် ၅လလောက်ဟာ အလုပ်လုပ်နိုင်တဲ့ကာလ ဒီရေငန်တား တာတမံတွေကို တောင်သူလယ်သမားတွေ အလုပ်လုပ်နိုင်တဲ့ကာလဖြစ်ပါတယ်။ ဒီကာလ အတောအတွင်းမှာ ဒီတာတမံတွေကို ဒီလယ်သမားတွေ ပြန်လည်လုပ်ကိုင်နိုင်အောင်အတွက် သူတို့ စားဖို့အတွက် ဆန်လိုပါတယ်။ အိမ်ထောင်စု ပျမ်းမျှနဲ့ တွက်လိုက်မယ်ဆိုရင် ၅လစာ ကာလအတွက် ဆန် ၂၅ အိတ် မိသားစုတစ်စု ဆန် ၂၅ အိတ်လောက် လိုတယ်လို့ ကျွန်တော်တို့ တင်ပြသိရှိရပါတယ်။

ဒါပေမယ့် တကယ်အကူအညီရခဲ့တာကို ကျွန်တော်တို့ မေးမြန်းစုံစမ်းတော့ ဆန် ၂ အိတ် လောက်ဘဲ ရရှိခဲ့တယ်ဆိုတာ ကျွန်တော်တို့ တွေ့ရပါတယ်။ အဲဒီလို အခြေအနေမျိုးမှာ ဒီလယ်သမားတွေဟာ ဒီတာတမံတွေကို ဘယ်လိုမှ ပြန်လည်ပြီးတော့ လယ်လုပ်နိုင်လောက်အောင် မဆယ်နိုင်ကြတော့ပါဘူး။ အဲဒီအခြေအနေ ရင်ဆိုင်နေရပါတယ်။ နောက်တစ်ခါ ဒီ တချို့နေရာတွေမှာ လယ်ကန်သင်းတွေကို အနည်းအကျဉ်းပြန်လည်ဖော်ထုတ်လို့ ရရှိတာလည်းရှိပါတယ်။ သို့သော်လည်း ဒီလိုရရှိလာတဲ့ လယ်မြေတွေ မှာ စိုက်ဖို့ပျိုးဖို့ မျိုးစပါး မရှိပါဘူး။ အဲဒီလို အခက်အခဲလည်း ကြုံရပါတယ်။ အဲဒီတော့ အခက်အခဲတွေကို နိုင်ငံတော်က သင့်တင့်တဲ့အကူအညီတွေကို ပေးနိုင်အောင်လို့ စီစဉ်ထားတယ်ဆိုတဲ့ အစီအစဉ်တွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ကြားသိ ရပေမယ့်လည်း ကျွန်တော်တို့ နောက်တစ်ကြိမ် ၂၀၁၁ခုနှစ်၊ မိုးရာသီ ကျရောက်တဲ့အချိန်ထိ မုန်တိုင်း အန္တရာယ် ခြိမ်းခြောက်ခံနေရတဲ့ ကာလအထိ ကျွန်တော်တို့တွေမှာ အကူအညီမဲ့နေတယ်ဆိုတာ တွေဟာလည်း တွေ့မြင်ရကြောင်း တင်ပြလိုပါတယ်။ ဒီသဘာဝဘေး အန္တရာယ်တွေကို ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ ၊ NGO ၊ INGO များ

အနေနဲ့က ဖြေရှင်းနိုင်စွမ်းမရှိတဲ့အတွက်ကြောင့် ဒီလိုအခက်အခဲတွေ ဒီကာလအထိ ရှိနေတုန်း ဖြစ်တယ်ဆိုတာကို တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ အခု တွေ့ကြုံရတဲ့အခက်အခဲမျိုးဟာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အခြားနေရာတွေမှာလည်း ဖြစ်နိုင်ပါတယ်။ ဘယ်ဒေသမှာဘဲ ဖြစ်ဖြစ် ကျွန်တော်တို့ ဒေသတစ်ခုခုမှာ ဖြစ်တယ်ဆိုလို့ရှိရင် ဒီပြည်ထောင်စုနိုင်ငံရဲ့ အစိတ်အပိုင်းမှာရှိတဲ့ တိုင်းရင်းသားလုပ်သားပြည်သူတွေ ခံစားရတာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရက တိုက်ရိုက် ဝင်ရောက်ကူညီဘို့ ကျွန်တော်တို့ ဒေသခံပြည်သူတွေတောင့်တမျှော်လင့်နေကြပါတယ်။ အဲဒီတော့ မြေပုံမြို့နယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖေသန်းကလည်း ကိုယ်ကိုယ်တိုင် သဘာဝဘေး အန္တရာယ်သင့် ဒေသမှာ နေထိုင်ပြီးတော့ ဒီအန္တရာယ်ကို ရင်ဆိုင်ရတဲ့အတွက်ကြောင့် ဒီလွှတ်တော်ကြီး မှာ အဆိုတစ်ခု တင်ပြခဲ့ပါတယ်။ အဲဒီအဆိုကို ဒီလွှတ်တော်က စောစောက ကျွန်တော်တို့ ရှေ့က ဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြဆွေးနွေးကြသလိုဘဲ တကယ်အကောင် အထည်ဖော်နိုင်တဲ့ နည်းစနစ်တွေ ခိုင်ခိုင်မာမာ ချမှတ်ပြီးတော့ အရေးယူ ဆောင်ရွက်တဲ့ နည်းလမ်း တွေ ရှာသင့်ပါတယ်လို့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ။ သဘာဝဘေး အန္တရာယ်ကျရောက်တဲ့ အခါများမှာ ဒီဘေးအန္တရာယ်ဟာ ပျက်စီးမှုပမာဏ ကြီးမားတယ်၊ မကြီးမားဘူးဆိုတာကို ဘယ်ပေတံနဲ့တိုင်းမှာလဲ ၊ ဒါပေမယ့် သဘာဝဘေးအန္တရာယ်ဆိုတာ နည်းနည်းလေးမဖြစ်ပါဘူး။ ဘယ်ဒေသမှာ ကျကျနည်းနည်းလေးတော့ မရှိပါဘူး။ ငလျှင်လှုပ်ရင်လည်း ပျက်ပါတယ်။ လေမုန်တိုင်းကျရင်လည်း ပျက်ပါတယ်။ ရေကြီးရင်ပျက်ပါတယ်။ အဲဒီတော့ ဒီလို သဘာဝဘေးအန္တရာယ်များကျရောက်တဲ့အခါ ဒီ ကျရောက်တဲ့ အန္တရာယ်တွေကို အခု လက်ရှိ ကျွန်တော်တို့ တွေ့ကြုံ နေရတဲ့ အနေအထားအရ ဆိုလို့ရှိရင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်က ဖြေရှင်းနိုင်စွမ်း အားနည်းတယ်ဆိုတာ ကျွန်တော်တို့ ကိုယ်တိုင် တွေ့ရှိခံစား ရပါတယ်။ ဒါကြောင့် ဒီလိုဒေသမျိုး ရှိလာရင် အရေးပေါ် သဘာဝ ဘေးအန္တရာယ် ကျရောက်သော ဒေသအဖြစ် ကြေညာပြီးတော့ ပြည်ထောင်စု အစိုးရက ကယ်ဆယ်ရေးလုပ်ငန်းတွေကို ထူထောင်တဲ့ နေရာမှာ တိုက်ရိုက် ဝင်ရောက် ကူညီပေးသင့်တယ်လို့ သဘောရပါတယ်။ အဲဒါကြောင့် အဆိုရှင် ဦးဖေသန်းရဲ့ အဆိုကို ထောက်ခံ ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ (ဩဘာသံများ)

## ဦးဖေသန်း ၊ မြေပုံမဲဆန္ဒနယ်၏ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဖေသန်း မြေပုံမဲဆန္ဒနယ်ရဲ့ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဖိတ်ခေါ်အပ်ပါတယ်။

**အချိန်၊ ၁၂း၁၃။**

**ဦးမောင်မောင်ဆွေ(ဝန်ကြီး၊လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာန)** ။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့ လွှတ်တော် ကိုယ်စား လှယ်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ မင်္ဂလာ အပေါင်း နှင့် လည်း ပြည့်စုံ ကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်း ဆက်သ အပ်ပါ တယ်။ ကျွန်တော်ကတော့ အမျိုးသား သဘာဝဘေး ကာကွယ်ရေးဗဟိုကော်မတီ၊အတွင်းရေးမှူး လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဦးမောင်မောင်ဆွေ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဖေသန်း တင်သွင်းထားတဲ့ သဘာဝဘေး အန္တရာယ် တစ်ခုခုကြောင့် လူမှုစီးပွား ဘဝပျက်စီးမှု ပမာဏကြီးမားသော အခြေအနေများတွင် နိုင်ငံတော်မှ သဘာဝဘေးကျ ရောက်သော ဒေသအား အရေးပေါ်ဒေသ အဖြစ်ကြေညာပြီး ပြည်ထောင်စုအစိုးရမှ တိုက်ရိုက် ဝင်ရောက်ကူညီ ပေးရန် အဆိုပြုခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြလိုပါတယ်။

၂၀၀၈ ခုနှစ်၊ မေလ ၂ ရက် နဲ့ ၃ ရက်နေ့များမှာ တိုက်ခတ်ခဲ့တဲ့ နာဂစ်ဆိုင်ကလုံးမုန်တိုင်း ကျရောက်ရာဒေသများကို သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၀၈ ခုနှစ်၊ မေလ ၃ ရက်နေ့စွဲပါ ကြေညာချက် အမှတ် (၄/၂၀၀၈)ဖြင့် ကြေညာခဲ့ပါတယ်။ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့မှာ သေဆုံး၊ ပျောက်ဆုံးသူလူဦးရေမှာ ၁၃၈၃၇၃ ဦးနဲ့ တိရစ္ဆာန်များစွာ သေဆုံး ခဲ့ရပြီး၊ လူဦးရေ ၆.၅ သန်းခန့် ထိခိုက်ခဲ့ကာ နိုင်ငံတော်နဲ့ ပုဂ္ဂလိကပိုင်ဆုံးရှုံးမှုတန်ဖိုးဟာ ငွေကျပ် ၁၁.၇ ဘီလီယံကျော်ရှိခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရမှ တိုက်ရိုက်ဝင်ရောက် ကူညီပေးခဲ့တာ လွှတ်တော်ကိုယ်စားလှယ်များ အသိပဲဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေး လုပ်ငန်း များဟာလည်း အတော်အတန် ပြီးစီးနေပြီလည်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ဂီရိဆိုင်ကလုံး မုန်တိုင်းဟာ နာဂစ်ကဲ့သို့ အင်အားပြင်းထန်သော မုန်တိုင်းဖြစ်သော်လည်းပဲ လူအသေ အပျောက်ဟာ ၄၅ ဦးခန့်သာရှိပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုဟာ နာဂစ်မုန်တိုင်းနဲ့ နှိုင်းယှဉ်ပါက လွန်စွာနည်းပါး ခဲ့ပါတယ်။ လူဦးရေ ၂.၂ သိန်းကျော်သာ ထိခိုက်ခဲ့ပြီး၊ ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၀.၀၂၄ ဘီလီယံဖြစ်တဲ့ အတွက် နာဂစ်မုန်တိုင်း ထိခိုက်ပျက်စီးမှုရဲ့ ၀.၂% ခန့်သာရှိကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတော် အစိုးရအနေနဲ့ ဂီရိဆိုင်ကလုံး မုန်တိုင်းသည် သေကြေပျက်စီးဆုံးရှုံးမှုနည်းသော်လည်း ရခိုင်ပြည်နယ်

သို့အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးနဲ့ အဖွဲ့ဝင် ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ကို မုန်တိုင်းတိုက်ခတ်နေဆဲ အောက်တိုဘာလ ၂၃ ရက်နေ့မှာ စတင် စေလွှတ်ခဲ့ပြီး၊ လေဘေးသင့်ဒေသများမှာ အရေးပေါ် ကယ်ဆယ်ရေး၊ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်စေခဲ့ပါတယ်။ နိုင်ငံတော် ဝန်ကြီးချုပ် ဦးဆောင်ပြီး၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနဲ့အတူ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟို ကော်မတီဝင်များဝိုင်းဝန်း တာဝန်ယူ ဆောင်ရွက်စေ ခဲ့တဲ့အပြင်၊ လုပ်ငန်းများ ပိုမိုထိရောက် မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် အမှတ်(၂)စက်မှု ဝန်ကြီးဌာန၊ ဝန်ကြီးအား ကျောက်ဖြူ မြို့နယ်တွင်လည်းကောင်း၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးအား မြေပုံမြို့နယ်တွင်လည်းကောင်း၊ မြို့နယ် တာဝန်ခံ ဝန်ကြီးများအဖြစ် အသီးသီးတာဝန် ယူ၍ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက် စေခဲ့ပါတယ်။ ကိုယ်စားလှယ်တော်ကြီး ရဲ့အဆိုပြု တင်ပြလာသော ကျိုးကြောင်း ဖော်ပြချက်နဲ့ ပတ်သက်ပြီး ဂီရိဆိုင်ကလုံးမုန်တိုင်း ပြန်လည် ထူထောင်ရေး ဆောင်ရွက်မှုများကို ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ဆည်၊တာတမံ များ ပြင်ဆင်ပြီးစီးမှုကို အသိပေးပြောကြားလိုပါတယ်။ မြေပုံမြို့နယ် မှာ ဆည်မြောင်းတာတမံ ၃ ခု၊ ပေါက်တောမြို့နယ်မှာ ၆ ခု၊ ကျောက်ဖြူမြို့နယ်မှာ ၁ ခု၊ အမ်းမြို့နယ်မှာ ၁ ခု ၊ စုစုပေါင်း ၁၁ ခုနဲ့ ရေငန်တား လိုင်းကာ ၂ ခုတို့ကို ၁၀၀% ပြန်လည်ပြုပြင်ပြီး ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ကျောက်ဖြူမြို့နယ် ၊ ငလကွေ့ တာတမံကတော့ ၆၃% ပြီးစီးပြီဖြစ်လို့ ယခုနှစ် စိုက်ပျိုးရေးကာလ မိုးရာသီမတိုင်မီ ရာခိုင်နှုန်းပြည့် ပြီးစီးရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကာရိခေါ် လယ်သမားတာ ၂၆.၁၈ မိုင် ပျက်စီးခဲ့ရာမှာ စုစုပေါင်း ၁၉.၁၈ မိုင် ပြုပြင်ပြီးဖြစ်လို့ ၇၃% ပြီးစီးနေပြီး ဖြစ်ပါတယ်။ ယခုနှစ် မိုးရာသီမတိုင်မီ ရာနှုန်းပြည့် ပြီးစီးအောင် စီမံဆောင်ရွက် ပေးလျက်ရှိပါတယ်။ ဂီရိမုန်တိုင်းကြောင့် သီးနှံစိုက်ပျိုးဧက ၇၂၅၄၀ ဧက ပျက်စီးခဲ့ သော်လည်း ၊ ယခု ဆောင်းသီးနှံ ၁၂၂၁၉၅ ဧက စိုက်ပျိုးခဲ့တဲ့အတွက် စိုက်ဧက ပိုမိုစိုက်ပျိုးနိုင်တာကို တွေ့ရပါတယ်။ လာမယ့် မိုးရာသီအတွက် FAO မှ မိုးစပါး ဧက ၁၅၀၀၀ စာ တာဝန်ယူ စုဆောင်းထားပြီးဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနဲ့ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်း များမှလည်း မိုးရာသီမှာ စပါးအချိန်မီစိုက်ပျိုးနိုင်ရန် မျိုးစပါးများ ဖြန့်ဝေပေးရေး စီမံဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဂီရိမုန်တိုင်းသင့် ပြည်သူများအတွက် အရေးပေါ်နဲ့ ပြန်လည်ထူထောင်ရေးကာလမှာ စားသုံးနိုင်ရန် စုစုပေါင်း ဆန် ၇၄၆၁၇.၅ အိတ် ပေးပို့ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါတယ်။ ကျွဲ၊ နွား ကောင် ရေ ၂၁၉၆ ကောင်အား ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ မွေးမြူရေး နှင့်ရေလုပ်ငန်းဦးစီးဌာနနဲ့ FAO တို့ ပူးပေါင်းဆောင်ရွက်မှုအပြင် မြေပုံမြို့နယ်အတွင်း အိမ်ထောင်စု ၆၅၀ အတွက် ဆိတ်ကောင်ရေ ၂၃၀၀ ဖြန့်ဖြူးပေးရေး စီမံထားရှိပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား ။ နိုင်ငံတော်အနေဖြင့် သဘာဝဘေးအမျိုးမျိုးကို အခြေအနေ နှစ်မျိုးနဲ့ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ပထမအခြေအနေ တစ်မျိုးကတော့ သဘာဝဘေးကျရောက်မှု အရွယ်အစားများအရ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့အနေဖြင့် အဓိက အခန်းကဏ္ဍမှ ဖြေရှင်းဆောင်ရွက်ပြီး ဗဟိုမှ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ပေးရတဲ့ အခြေအနေဖြစ်ပါတယ်။

ဒုတိယအခြေအနေ တစ်မျိုးကတော့ သဘာဝဘေးကျရောက်မှု အရွယ်အစားကြီးမားပြီး ပျက်စီးဆုံးရှုံးမှု ပမာဏ များပြားသဖြင့် ဗဟိုမှ အဓိက အခန်းကဏ္ဍမှ တာဝန်ယူ စီမံကွပ်ကဲကာ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့မှ ပံ့ပိုးကူညီမှုဖြင့်သာ ဆောင်ရွက်ရတဲ့ အခြေအနေဖြစ်ပါတယ်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီမှ ထုတ်ပြန်ထားခဲ့တဲ့ သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့်မှာ သတ်မှတ်ထားရှိပြီး ဖြစ်ပါတယ်။ သာမန်သဘာဝဘေးကျရောက်တဲ့ အိမ်ထောင်စု တစ်စုနှစ်စုကိုပင် နိုင်ငံတော်မှ ကယ်ဆယ်ရေးအကူအညီများ ပေးလျက်ရှိပါတယ်။ အခုအခါ ပြည်ထောင်စု အစိုးအရအပြင် တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရများ ရှိလာပြီးဖြစ်လို့ နောင်တွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ များကပါ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သဘာဝဘေးများဖြစ်လာတဲ့အခါမှာ ဘေးအန္တရာယ်ကျရောက်မှုပမာဏ နည်းပါးသည့် အခြေအနေတွင်ဖြစ်စေ၊ ဘေးအန္တရာယ်ကြီးမားကျယ်ပြန့်စွာ ကျရောက်မှုကြောင့် ပြည်နယ်/တိုင်းဒေသကြီးအနေဖြင့် ဖြေရှင်းဆောင်ရွက်ရန် မဖြစ်နိုင်တဲ့အခြေအနေများတွင်ဖြစ်စေ၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအနေနဲ့ နိုင်ငံတော်ကိုယ်စားတာဝန်ယူဆောင်ရွက်သွားနေမည် ဖြစ်ပါတယ်။ ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးမှ အဆိုပြုထားတဲ့ကိစ္စမှာ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိခြင်း၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ရှိပြီးဖြစ်ခြင်း၊ ဗဟိုမှ တိုက်ရိုက်ဝင်ရောက်ကူညီနေပြီးဖြစ်ခြင်း၊ အမျိုးသားသဘာဝဘေး ကာကွယ် စောင့်ရှောက်ရေး ဗဟိုကော်မတီမှာ သဘာဝဘေးစီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့် သတ်မှတ် ထုတ်ပြန် ထားပြီးဖြစ်ခြင်းတို့ကြောင့် ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ အဆိုကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း အသိပေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၅။**

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း တင်သွင်းတဲ့အဆိုနဲ့ပတ်သက်ပြီးတော့ ကိုယ်စားလှယ် (၃) ဦးက ဆွေးနွေးခဲ့ပါတယ်။ ပြည်ထောင်စုအဆင့် တာဝန်ရှိသူက ထပ်မံဆွေးနွေးခဲ့တာအားလုံး ကြားသိပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ထူးခြားမှုတွေ့တာလေးတွေကို ပြန်တင်ပြပါမယ်။ သာပေါင်းမဲဆန္ဒနယ်က ဦးဝင်းသန်း ဆွေးနွေးချက်မှာ အဆိုနဲ့ တိုက်ရိုက်မပတ်သက်သော်လည်း ၊ ဘေးအန္တရာယ်တစ်ခု ကျရောက်လာတဲ့ အခါမှာ တိုက်ရိုက်မဟုတ်တဲ့ နည်းနဲ့သွယ်ဝိုက်သော ထိခိုက်မှုများရှိလာတယ် ဆိုလို့ရှိရင်လည်း စဥ်းစားပေးဖို့လိုတယ် ဆိုတဲ့ ကိစ္စကို သာပေါင်းဒေသမှာရှိတဲ့ ငပန်မြစ်ရေ ကြီးမှုကို အခြေခံပြီးတော့ ဆွေးနွေးသွားတာရှိသလို

ဦးဘရှိန် ကျောက်ဖြူမဲဆန္ဒနယ်ကလည်း သူ့တင်ပြချက်မှာ ရခိုင်ပြည်နယ် အတွင်းကျရောက်ခဲ့တဲ့ ဂီရိမုန်တိုင်းနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရအပိုင်း ၊ အခြားစေတနာရှင် ပြည်သူများရဲ့အပိုင်းက ကူညီထောက်ပံ့မှုများဟာ အနည်းငယ် နည်းနေကြောင်း ဒီလိုဆွေးနွေးသွားတာ တွေ့ရပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ ပြည်ထောင်စုအဆင့် တာဝန်ရှိသူက ဆွေးနွေးတဲ့အခါမှာ ဖြစ်ပေါ်ခဲ့တဲ့ မုန်တိုင်း နှစ် ခု အပေါ်ယှဉ်ပြီးတော့ ဆွေးနွေးသွားတာလည်း အားလုံးကြားသိပြီးဖြစ်ပါတယ်။ ကျွန်တော် တင်ပြဆွေးနွေးချင်တာကတော့ ခုမကြာခင်မှာ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ဒီလိုရယူတဲ့အခါမှာ ယမန်နေ့က တင်ပြထားတဲ့ အဆိုပေါ် မူတည်ပြီးတော့ပဲ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ အခြားဆက်စပ်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာမဟုတ်ကြောင်း ကြိုတင်အသိပေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဦးဖေသန်း မြေပုံ မဲဆန္ဒနယ်ရဲ့အဆိုနဲ့စပ်လျဉ်း၍ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဦးဖေသန်း တင်သွင်း ထားတဲ့ သဘာဝဘေးအန္တရာယ်တစ်ခုကြောင့် လူမှုစီးပွား ဘဝပျက်စီးမှု ပမာဏကြီးမားသော အခြေ အနေတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတိုင်းအတာဖြင့် မဖြေရှင်းနိုင်သော အခါ၌ နိုင်ငံတော်က အရေးပေါ် သဘာဝ ဘေးအန္တရာယ်ကျရောက်သော ဒေသအဖြစ် ကြေညာပြီး ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးအား ပြည်ထောင်စု အစိုးရမှ တိုက်ရိုက်ဝင်ရောက် ကူညီပေးပါရန်အဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ။** ။အဆိုရဲ့ရှင်းလင်းမှုနဲ့ လွှတ်တော်ရဲ့ တညီတညွတ်တည်း သဘောတူညီမှုကြောင့် သီးခြားမဲခွဲ ဆန္ဒယူစရာမလိုဘဲနဲ့ သဘာဝဘေးအန္တရာယ်တစ်ခုကြောင့် လူမှုစီးပွားဘဝ ပျက်စီးမှု ပမာဏကြီးမားသော အခြေအနေတွင် တိုင်းဒေသကြီး / ပြည်နယ်အတိုင်း အတာဖြင့် မဖြေရှင်း နိုင်သော အခါ၌ နိုင်ငံတော်က အရေးပေါ်သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသအဖြစ် ကြေညာပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍအား ပြည်ထောင်စုအစိုးရမှ တိုက်ရိုက် ဝင်ရောက် ကူညီပေးပါရန် အဆိုကို လွှတ်တော်က အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ စားသုံးနိုင်ရန် အတွက် အစည်းအဝေးကို (၁)နာရီခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား ။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို နေ့လယ် ၁၃ း ၃၀ အချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများနဲ့ ဧည့်သည်တော်ကြီးများ အစည်းအဝေးခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[နေ့လယ်စာ သုံးဆောင်ရန် အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါသည်။]

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား ။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒေါက်တာစိုင်းကျော်အုန်း ၊ နမ့်ခမ်းမဲဆန္ဒနယ်၏ '' ဝင်ငွေနည်းပြည်သူများအတွက် ဆေးကုသခွင့် အာမခံချက် ရှိသော အမျိုးသား ကျန်းမာရေးစနစ် တစ်ခုထူထောင်ရန် ''အဆိုကို လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း

**အချိန်၊ ၁၃း၃၃။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ တင်သွင်းခဲ့တဲ့ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း တင်သွင်းခဲ့တဲ့ **''ဝင်ငွေနည်း ပြည်သူများအတွက် ဆေးကုသခွင့် အာမခံချက်ရှိသော အမျိုးသား ကျန်းမာရေးစနစ် တစ်ခုထူထောင်ရန် ''** အဆို နဲ့ စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြဖို့ ဖြစ်ပါတယ်။ အဆိုကို ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် သုံး ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။

ဒီအဆိုနဲ့ စပ်လျဉ်းပြီး ပထမဦးစွာ တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင်က ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၃၄။**

**ဦးစိုင်းသိန်းအောင်(တာချီလိတ်မဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသိန်းအောင်ဖြစ်ပါတယ်။ ယခု နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းရဲ့ ဝင်ငွေနည်း ပြည်သူများအတွက် ဆေးကုသခွင့် အာမခံချက်ရှိသော အမျိုးသား ကျန်းမာရေး စနစ်တစ်ခုထူထောင်ရန်အဆိုကို ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။ကျန်းမာရေးနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တစ်ဝှမ်းလုံးမှာ နေထိုင်လျက်ရှိကြသော ပြည်သူများအားလုံးရဲ့ အကျိုးအတွက် ရှေ့ရှုပြီးဆွေးနွေး တင်ပြမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာနေထိုင်ကြသော ဝင်ငွေနည်းပြည်သူများမှာ ကျန်းမာရေးတစ်ခုခု ချို့ယွင်းမှုရှိလာပြီဆိုလျှင် ဆေးကုသဖို့ ကုန်ကျစရိတ်များအတွက် အခက်အခဲရှိနေတာကိုတွေ့ရပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံရဲ့ ကျန်းမာရေးဆိုင်ရာလုပ်ဆောင်ချက်များကို ဆွေးနွေးတင်ပြချင်ပါတယ်။ ထိုင်းနိုင်ငံမှာ နိုင်ငံသားတစ်ဦး

အတွက် သက်တမ်းတစ်နှစ်စာ ကျန်းမာရေးအာမခံကတ်ပြားကို ထိုင်းဘတ်ငွေ ၁၄၀၀ မြန်မာငွေအားဖြင့် ၄၀၀၀၀ ကျပ်ကျသင့်သော ကျန်းမာရေးအာမခံ ကတ်ပြားကို တရားဝင် ထုတ်ပေးခဲ့ ကြောင်း သိရှိခဲ့ရပါတယ်။ ၎င်း အာမခံကတ်ပြား ကိုင်ဆောင်သူတစ်ဦးသည် ဖျားနာခြင်းမှအစ ခွဲစိတ်ကုသမှုခံယူသည်အထိ ဆေးရုံများသို့ သွားရောက်ကုသသည့်အခါမှာလည်း ထိုင်းဘတ်ငွေ ၃၀ မြန်မာငွေအား ဖြင့် ၁၀၀၀ ခန့်သာ ကုန်ကျတာကို သိရှိရပါတယ်။ ဒါတင်မကပဲ အခန်းခ၊ စားသောက်စရိတ် ကုန်ကျစရိတ်များကိုလည်း ဆေးကုသမှုခံယူနေစဉ်အတွင်းမှာ အခမဲ့ဆောင်ရွက်ပေးနေတာကိုလည်း သိရှိရပါတယ်။ ဤသို့ ထိုင်းအစိုးရမှ ၎င်းတို့ပြည်သူများအတွက် ကျန်းမာရေးအာမခံကတ်ပြားဖြင့် ဆောင်ရွက် ပေးနေခြင်းမှာ အခမဲ့မဟုတ်သော်ငြားလည်း ဝင်ငွေနည်းနိုင်ငံသားများအတွက် အလွန်ပင် သက်သာမှု ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဤအခွင့်အရေးကို ထိုင်းနိုင်ငံသားများကို သာမကဘဲ ထိုင်းနိုင်ငံအတွင်း တရားဝင်အလုပ်လုပ်နေသော နိုင်ငံခြားသားပင်လျှင် ခံစားခွင့်ရှိသည်ဟုလည်း သိရှိရပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာလည်း အဲဒီလိုဝင်ငွေနည်း ပြည်သူများ အတွက် ဆေးကုသခွင့် အာမခံချက်ရှိသော အမျိုးသားကျန်းမာရေးစနစ်တစ်ခု ထူထောင်ပေးမယ်ဆိုရင် ဝင်ငွေနည်းပြည်သူတွေသာမကဘဲ လူတန်းစားမရွေး ကျန်းမာရေးအတွက် အားလုံး အဆင်ပြေနိုင်လိမ့်မည် ဟု ယုံကြည်ပါတယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော့်အနေနဲ့ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာဦးစိုင်းကျော်အုန်း ရဲ့ ဝင်ငွေနည်း ပြည်သူများအတွက် ဆေးကုသခွင့်အာမခံချက်ရှိသော အမျိုးသားကျန်းမာရေးစနစ်တစ်ခု ထူထောင်ရန် အဆို ကို ထောက်ခံဆွေးနွေးတင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုဆက်လက်ပြီး အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည် အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၃၈။**

**ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။မင်္ဂလာပါခင်ဗျား။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ ရှိကြပါစေလို့ ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်လိုက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး အလုံမြို့နယ် မဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်(ခ) ဦးခင်မောင်ရည် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း တင်သွင်းသော ဝင်ငွေနည်း ပြည်သူများအတွက် ဆေးဝါးကုသခွင့် အာမခံချက်ရှိသော အမျိုးသားကျန်းမာရေး စနစ်တစ်ခု ထူထောင်ရန် ဟူသောအဆို ကို တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝင်ငွေနည်းပြည်သူဆိုရာမှာ ကာယစိုက်ထုတ် အလုပ်လုပ်သော အလုပ်သမားများ အားလုံးပါဝင်ပါတယ်။ လယ်ယာကိုင်းကျွန်း၊ သစ်တောနဲ့ ရေလုပ်သားများ၊ ဉာဏစိုက်ထုတ် အလုပ်လုပ်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ

အပါအဝင် နေ့စား၊ လစား လုပ်ငန်းပေါင်းစုံမှ ဝန်ထမ်းများ၊ ပင်စင်စားများနှင့် မိသားစုထောက်ပံ့မှု အနည်းငယ်ဖြင့် ရပ်တည်နေရသော သက်ကြီးရွယ်အိုများအားလုံး အကျုံးဝင်ပါလိမ့်မယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် အထွေထွေရောဂါကု ဆေးရုံကြီးများ၊ မြို့နယ်ဆေးရုံကြီးများ၊ တိုက်နယ်ဆေးရုံများ၊ ဒေသန္တရ ဆေးခန်းများ၊ လူမှုဖူလုံရေးဆေးခန်းများအပြင် အထူးကုဆေးခန်းကြီးများ ပုဂ္ဂလိက ဆေးခန်းများမှာ ၁၉၈၈ခုနှစ် နောက်ပိုင်း၊ တပ်မတော်အစိုးရ လက်ထက်တွင် တိုးတက်များပြားလာသည်ကို တွေ့မြင်ရပါတယ်။ ကုတင် ၁၀၀၀ ကဲ့သို့သော ဆေးရုံကြီးမျိုး ပေါ်ပေါက် လာသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ရပါတယ်။ ဆေးပညာ တိုးတက်မှုများ၊ အဆင့်မြင့် စက်ကိရိယာ အသုံးပြုမှုနဲ့ ရောဂါရှာဖွေရေး စက်ကိရိယာများ များစွာ အသုံးပြုလာနိုင်တာကို တွေ့မြင်ရ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းပညာများ တိုးတက်လာမှု၊ စက်ကိရိယာများ၊ အဆောက်အဦများ အံ့မခန်းများပြားလာမှု မည်မျှပင် ရှိစေကာမူ ပြည်သူလူထုရဲ့ ကျန်းမာရေးအသိမြင့်မားမှု မတိုးတက်လျှင် ကျွန်တော်တို့ ပြည်သူများဟာ ရောဂါဘယဝဲသြဃအတွင်းမှာ လည်နေရအုံးမှာ ဖြစ်ပါတယ်။ သာဓကအနည်းငယ်တင်ပြရလျှင် မကြာခဏ ပေါ်ပေါက်လာတတ်တဲ့ အပြင်းစား တုတ်ကွေးရောဂါ တစ်မျိုး မကြာသေးမီကာလများက ရန်ကုန်နဲ့ ဒေသတချို့မှာ ဖြစ်ပွားခဲ့ပါတယ်။ ထိုအချိန်ဆေးရုံ၊ ဆေးခန်းမသိရှိရတဲ့အချိန်မှာ အခြေခံလူတန်းစားကဲ့သို့ ဝင်ငွေနည်းလူတန်းစားတို့ရဲ့ ကျန်းမာရေး အသိဖြင့် မိမိကိုယ်ကို စောင့်ရှောက် နိုင်မှုစွမ်းရည် နိမ့်ကျလျက်ရှိကြောင်း သိရှိခဲ့ရပါတယ်။ အနည်းငယ် တင်ပြရလျှင် ဆေးရုံ၊ ဆေးပေးခန်းကို ရောက်ရှိလာကြတဲ့ လူနာအများစုဟာ သောက်ဆေး သုံးလေး ရက်စာ ရပြီးရုံမျှဖြင့် ဆရာဝန်ထံ ထပ်မံပြန်လာပြရန် ချိန်းဆိုထားခြင်းကို ပြန်လည်ပြီး ဆေးကုသမှု ခံယူသူ နည်းပါးကြောင်း၊ အနည်းငယ် သက်သာသွားရုံဖြင့် ဆေးရုံဆေးခန်းများသို့ ထပ်မံသွားရောက် ၍ ဆေးပတ်လည်အောင်၊ ပြီးဆုံးအောင် ကုသရန် ဝန်လေးတတ်ကြကြောင်း သိရှိရပါတယ်။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ အချို့မှာ မိမိဝင်ငွေ သော်လည်းကောင်း၊ အလုပ်တာဝန်များကိုလည်းကောင်း ထိခိုက် လစ်ဟင်းမှု မခံနိုင်၍ဖြစ်ပြီးတော့မှ အများဆုံးမှာ ဆေးကုသစရိတ် အကြိမ်ကြိမ် ကုန်ကျမခံနိုင်ခြင်း တို့ကြောင့် ဖြစ်ပါတယ်။ ဤသည်မှာ ဝင်ငွေနည်းပြည်သူတို့ရဲ့ ကျန်းမာရေး ပြဿနာတစ်ခုဖြစ်ပါတယ်။ နောက်ထပ်ဝင်ငွေနည်းပြည်သူတို့ရဲ့ ကျန်းမာရေး ပြဿနာ တစ်ခုမှာ ဆေးရုံတွင် စနစ်တကျ သွားရောက် မီးဖွားခြင်းကို မတတ်နိုင်ခြင်းတို့ဖြစ်ပါတယ်။ ဆေးကုသ စရိတ်ကို မိမိ မိသားစုဝင်ငွေဖြင့် မတတ်နိုင်သောကြောင့် အဆင်ပြေရာနေရာဒေသတွင် မီးဖွားခြင်းကို အများဆုံးလုပ်ဆောင် နေသည်ကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စနစ်တကျမီးဖွားမှုသည် လူသားအရင်းအမြစ်တည်ဆောက်မှုတွင် အဓိက ကျသော အခန်းကဏ္ဍတစ်ရပ် ဖြစ်ပါတယ်။

ဖွံ့ဖြိုးပြီးနိုင်ငံအချို့မှာ ဥပမာ ဂျပန်နိုင်ငံမှာဆိုရင် ၁၉၅၀ခုနှစ်တွင် ဆေးရုံတွင် မီးဖွားမှုဟာ ၄.၆%ရှိခဲ့ပါ တယ်။ ၁၉၆၀ တွင် ၅၀%အထိ ဖြစ်လာပြီးတော့ ၁၉၇၀နောက်ပိုင်းမှစ၍ ၉၆% မှ ၉၉.၉%အထိ ဆေးရုံမှာ မီးဖွားမှု ဖြစ်လာခဲ့ပါတယ်။ အဲဒီအတွက် မီးဖွားခြင်းမှာ မွေးကင်းစ ကလေး

သေဆုံးမှုနှုန်းမှာ ၀.၀၂၈% ရှိပြီး လူတစ်သောင်းခန့်တွင် သုံးယောက်ခန့်နှုန်းသာ အပျက်အစီး ရှိပါတယ်။

၎င်းသည်မှာ ကျန်းမာရေး အသိမြင့်မားမှုနှင့် ပြည်သူ့အတွက်ကျန်းမာရေး အာမခံချက်စနစ်ကို အစီအစဉ်ဖြင့် အစိုးရမှ ဆောင်ရွက်ပေးနိုင်ခြင်းတို့ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ထို ကျန်းမာရေး အာမခံစနစ်မှာ ဂျပန်နိုင်ငံမှာ ၁၉၆၁ခုနှစ်မှစတင်ခဲ့ပြီး ရန်ပုံငွေမှာ ပရီမီယံကြေး၊ လူထုမှ ထည့်ဝင်ငွေ၊ လူနာတို့မှထည့်ဝင်ငွေတို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရှိရပါတယ်။ ထို့အတူပဲ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတစ်ခုမှာဆိုရင် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရတို့၏ ပါဝင်ထောက်ပံ့မှု အထောက်အပံ့ဖြင့် Mediates Medical ကဲ့သို့သော ကျန်းမာရေးပံ့ပိုးမှု၊ ကျန်းမာရေးစောင့်ရှောက်မှု ဖောင်ဒေးရှင်းများ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များဖြင့် စောင့်ရှောက်ပေးလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

နိဂုံးချုပ်တင်ပြရလျှင် မြို့ပြမှသည် ကျေးလက် တောရွာဒေသများအထိ ထိုဒေသများမှာရှိတဲ့ တိုက်နယ်ဆေးရုံ၊ ကျေးလက် ဆေးပေးခန်းများအထိ ပေါက်ရောက်နိုင်သော ဝင်ငွေနည်းပြည်သူများ အား အခြေခံ၍ လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သော ပြည်သူများကျန်းမာရေး အသိမြင့်မား စေရေးနည်းလမ်းများ ပါဝင်သည့် အမျိုးသားကျန်းမာရေး အာမခံစနစ်တစ်ရပ် အမြန်ဆုံး အကောင် အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ကျွမ်းကျင်သော အသိပညာရှင်၊ အတတ်ပညာရှင်တို့ဖြင့် ပါဝင်သော ကော်မတီတစ်ရပ်ဖွဲ့ စည်း၍ ဆောင်ရွက်ပေးနိုင်ရန် နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း အဆိုတင်သွင်းထားသည့် ဝင်ငွေနည်းပြည်သူများအတွက် ဆေးကုသခွင့် အာမခံချက်ရှိသော အမျိုးသား ကျန်းမာရေးစနစ်တစ်ခု ထူထောင်ရန်ဟူသော အဆိုကို ထောက်ခံကြောင်း ဆွေးနွေး တင်ပြရင်း ကျွန်တော်၏ ဆွေးနွေးတင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခုဆက်လက်ပြီး လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က ဆွေးနွေးဖို့ ဖြစ်ပါ တယ်။ဦးကြည်မြင့်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၄၄။**

**ဦးကြည်မြင့် (လသာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက် လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ ကျွန်တော်က နှုတ်ခွန်းဆက်သပါ တယ်။ ကျွန်တော်ကတော့ လသာမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်က ဦးကြည်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ စိုင်းကျော်အုန်းရဲ့ အဆိုကို ကျွန်တော်အနည်းငယ် ဉာဏ်မီသလောက် ဖြည့်စွက်ပြီးတော့ ထည့်သွင်း ဆွေးနွေးလိုပါတယ်။ ဒေါက်တာစိုင်းကျော်အုန်းရဲ့ အဆိုပြုချက်က ပထမတစ်ခုအနေနဲ့ ကတော့ ဝင်ငွေနည်း ပြည်သူများဆိုတဲ့ အချက်တစ်ချက် ပါဝင်မှာဖြစ်ပါတယ်။ ဒုတိယအချက် အနေနဲ့ကတော့ တရုတ်ပြည်၊ ထိုင်းနိုင်ငံတို့မှာ ငွေကြေးထောက်ပံ့ကျန်းမာရေးစောင့်ရှောက်မှုအကြောင်းဆိုတာကို ထည့်သွင်း ပြောသွားတာ တွေ့ရပါတယ်။ အဲဒီတော့ကာ ငွေကြေးထောက်ပံ့ ကျန်းမာရေး စောင့်ရှောက်မှုစနစ် ဆိုတာကတော့ ဈေးကွက်စီးပွားရေးနဲ့ယှဉ်တွဲ နေပါတယ်။ ဈေးကွက်

စီးပွားရေးစနစ်ဆိုတာက အားလုံး သိကြတဲ့အတိုင်းပဲ ဘာမှအလကား မရပါဘူး။ ကိုယ့်အားကိုယ်ကိုး ရမယ်၊ အယူရှိမှ အပေးရှိမယ် ဆိုတဲ့ ကိုယ်ထူကိုယ်ထ အခြေခံစီးပွားရေးဆန်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုစနစ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အားလုံးသိကြတဲ့အတိုင်းပဲ ၁၉၄၈ကနေပြီးတော့ ၁၉၈၈အတွင်းမှာ နိုင်ငံတော်က နိုင်ငံသားများအားလုံးကို မွေးစမှကွယ်လွန်သည် အထိ အစစအရာရာ စောင့်ရှောက်ပေးသော မူဝါဒနဲ့ အခမဲ့ဆေးကုသခွင့်စနစ်မျိုးကို ကျင့်သုံးတာလည်း ရှိပါတယ်။ လူတွေဟာ တတ်နိုင်တဲ့အလျောက် မိမိကိုယ်တိုင်ကျခံပြီး ဆေးကုသမှုခံတာလည်း ရှိပါတယ်။ ၁၉၈၈ နောက်ပိုင်းမှာကတော့ ဈေးကွက် စီးပွားရေးစနစ်ပြောင်းလဲလာတဲ့အလျောက် စရိတ်မျှပေး ကျန်းမာရေး ဆိုတာကို ကျင့်သုံးလာတယ်။

တဖက်ကနေပြီးတော့မှ ကျွန်တော်တို့ခုနပြောသလိုဘဲ ဒီကိစ္စအားလုံးဟာ ဝင်ငွေနည်း ပြည်သူများဆိုတဲ့အချက်တစ်ချက်ပေါ့လေ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်နဲ့ စေတနာရှင်တွေရဲ့ လူမှု ကူညီရေး ဆေးရုံဆေးခန်း စနစ်တို့ပါ ပူးပေါင်းပြီးတော့ ကျင့်သုံး တာတွေ့ရပါတယ်။ ဘယ်လိုပဲဖြစ်စေ လက်ရှိကျန်းမာရေး စောင့်ရှောက်မှုစနစ်က ပြောစရာလေးတွေ၊ လိုအပ်ချက် ကလေးတွေ၊ မပြည့်စုံဘူး လို့ခံစားရတာလေးတွေ ရှိတဲ့အလျောက် အခု ဒေါက်တာ စိုင်းကျော်အုန်း ကလည်းပဲ အဆိုတစ်ခုကို တင်သွင်းတယ်လို့ ကျွန်တော်မြင်ပါတယ်။ အဲဒီတော့ သူ့ရဲ့ အဆိုမှာ လက်တွေ့ အကောင်အထည် ဖော်ဖို့ကျတော့ ကျွန်တော် စောစောကပြောတဲ့ ဝင်ငွေနည်း ပြည်သူများ ဆိုတဲ့ နေရာမှာ ဝင်ငွေနည်း သူကို နှစ်မျိုး တွေ့ရပါလိမ့်မယ်။

ပထမတစ်မျိုးကတော့ အလုပ်အကိုင် မရှိတဲ့သူ၊ သူ့ရဲ့မိသားစု ၊ကလေး၊ သက်ကြီးရွယ်အို စတဲ့ သူတွေထက် အလုပ်ရှိပင်ရှိသော်ငြားလည်း အလုပ်က ပုံမှန်ဝင်ငွေ မရှိတဲ့အတွက် စောစောက ဆက်နွယ်ပြောရလို့ရှိရင် ငွေကြေးထောက်ပံ့ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဥ်မှာ အကျုံးဝင်နိုင်ဖို့ အတွက် စာရင်းဝင်ဖြစ်နိုင်ဖို့အတွက် ဝင်ငွေနည်းသူများပေါ့လေ။ အဲဒီမှာ တောင်သူလယ်သမားတွေ လည်း ပါဝင်ပါမယ်။ ပင်စင်စားဆိုတာမျိုးလည်း ပါဝင်ပါလိမ့်မယ်။ ပျံကျလုပ်ကိုင်ရတဲ့သူတွေလည်း ပါဝင်ပါလိမ့်မယ်။ အဲဒီတော့ သူတို့ပိုပြီး နားလည်အောင် ပြောရရင် နောက်တစ်မျိုးနဲ့ ယှဥ်ပြောမှ နားလည်ပါ လိမ့်မယ်။

နောက်တစ်မျိုးကတော့ အလုပ်အကိုင် တိတိကျကျ ရေရေရာရာ ရှိတဲ့ ရုံးတို့ ၊ ကုမ္ပဏီတို့ မှာ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ သူတို့ကတော့ အလုပ်အကိုင်ရှိတယ်။ ပုံမှန်ဝင်ငွေရှိတယ်။ အဲဒီတော့ သူတို့က သူတို့အတွက် လူမှုဖူလုံရေးထည့်ဝင်ငွေ ပင်စင်ရန်ပုံငွေ ထည့်ဝင်ငွေစတာတွေကို လခစားအလုပ်သမားတွေက ပိုပြီးတော့ သိပါတယ်။ ထည့်ပြီးတော့ ဖြတ်တောက်သွားပြီးတော့ သူတို့ အတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုတဲ့ ပုံစံက ကျွန်တော်တို့မှာတော့ လူမှုဖူလုံရေးဆေးပေးခန်း အလုပ် သမားတွေအတွက် ဆေးပေးခန်း၊ ဆေးရုံဆေးပေးခန်း ဒါမျိုးလေးတွေအတွက် သူတို့က ဝင်ငွေ ရှိသော်လည်းပဲ သူတို့ရဲ့ဝင်ငွေက နည်းပါးနေတဲ့အတွက်ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီဝင်ငွေနည်းသူ နှစ်မျိုးမှာ စောစောကလိုငွေကြေးထောက်ပံ့ ဈေးကွက်စီးပွားရေးရဲ့ ကျန်းမာရေးစောင့်ရှောက်မှု စနစ်ကိုကျင့်သုံးမယ်ဆိုလို့ရှိရင် အခြားသောနိုင်ငံများမှာကတော့ ပထမအမျိုးအစားပုဂ္ဂိုလ်တွေက

ဝင်ငွေ၊ စာရင်းဝင် ဝင်ငွေတိတိကျကျမရှိတဲ့အတွက်ကြောင့်၊ နောက်တစ်မျိုးက လောလောဆယ်မှာ အလုပ်အကိုင်မရှိတဲ့အတွက်ကြောင့် သူတို့ကတော့ နိုင်ငံတကာမှာ လုပ်နေတဲ့ ပုံစံ ဈေးကွက်စီးပွားရေးအရ ကျန်းမာရေး စောင့်ရှောက်မှုစနစ်ပုံစံမှာ ဆိုလို့ရှိရင် အလုပ်အကိုင် ပြန်ပေးဖို့အတွက် သူတို့ကို အစီအစဥ်လေးလုပ်ပေးထားပါတယ်။ လူမှုဖူလုံရေးကတ်ပြား ထုတ်ပေးထားတာ ဖြစ်ပါတယ်။ အလုပ်ရရင် ပြန်ပြီးတော့ ထည့်ဝင်ဖို့ ဖြစ်ပါတယ်။ နောက်တစ်ခုက စောစောက ဝင်ငွေနည်း ဒုတိယအမျိုးအစား ဖြစ်တဲ့ စာရင်းဝင် ပုဂ္ဂိုလ်တွေကတော့ လုပ်ခလစာကနေပြီးတော့ အမြဲမပြတ် အာမခံကြေးကို ပေးသွင်းသွားတဲ့နည်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီစနစ်မှာ ဘာသွားပြီးတော့ အခြေခံထားတာ တစ်ခုရှိသလဲဆိုတော့ကာ အလုပ်မရှိသေးလို့ နောက်မှထည့်မယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ အနေနဲ့ရော အလုပ်ရှိပြီးတော့ ပုံမှန် ထည့်ဝင်နေတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ရော သူတို့ရဲ့ စုဆောင်းထည့်ဝင်ငွေမှာ ကိုယ်ကိုယ်တိုင်က စတင်ထည့်ဝင်တဲ့ အတွက်ကြောင့် အလုပ်ရှင်ကတစ်ပိုင်း ထည့်ဝင်ပေးတာရှိတယ်။ နိုင်ငံတော်က တစ်ပိုင်းထည့်ဝင် ပေးထားတာရှိပါတယ်။ ဒီလို ကာယကံရှင်ရယ်၊ အလုပ်ရှင်ရယ် နိုင်ငံတော်ရယ်က ထည့်ဝင်ပေးထားတဲ့ ရန်ပုံငွေကို ကြီးထွားအောင် လုပ်တဲ့နည်းတစ်ခု ပါဝင်နေပါတယ်။ အဲဒါကတော့ အများလည်း ကြားဖူး နေကြဖြစ်တဲ့ ငွေကြေးဈေးကွက်မှာ ဒီရန်ပုံငွေကို တိုးပွားအောင် လုပ်တာဖြစ်ပါတယ်။ ဒီစနစ်ကြောင့် ကျွန်တော်တို့က ကာယကံရှင်ဟာ ငွေတစ်ရာဖိုး ထည့်ဝင်ထားပေမယ့်လို့ ငွေတစ်ထောင်ဖိုး နှစ်ထောင်ဖိုးလောက်အထိ အကျိုးခံစားခွင့်ရသွားတာ တွေ့ရပါလိမ့်မယ်။တစ်ခါ စောစောက ဝင်ငွေနည်းပြီးတော့ စာရင်းဝင် ဝင်ငွေမရှိတဲ့ ပုဂ္ဂိုလ်တွေ ငွေဝင်မှု ပုံမှန်မရှိတဲ့ပုဂ္ဂိုလ်တွေသူတို့အတွက်ပါ ဒီကျန်းမာရေးစောင့်ရှောက်မှု အမျိုးသား ကျန်းမာရေး စောင့်ရှောက်မှု စနစ်ကြီးက နေပြီးတော့ ဆေးကုသမှုကို ပေးနိုင်တဲ့အခြေအနေ ဆေးကုသပြီးတဲ့နောက် ဆေးရုံကဆင်းပြီးတဲ့နောက် နို့မှုန့်ဖိုးလေးပေးတာမျိုးတို့လို ဆက်ပြီး ဆေးစားဖို့အတွက် ပေးတာမျိုးတို့လို နောင်ဆေးရုံ ဆေးခန်းမှာ ပြန်ပြနိုင်အောင် ပေးတာမျိုးတို့လို ဒီစနစ်လေးတွေဟာ ယှဉ်တွဲသွားပါတယ်။အဲတော့ ဒေါက်တာစိုင်းကျော်အုန်းရဲ့ အဆိုကို ကျွန်တော်မြင်တာကတော့ ဈေးကွက်စီးပွားရေးမှာ ကျင့်သုံးနေတဲ့ ကိုယ်ထူကိုယ်ထ ကိုယ်တိုင်ထည့်ဝင်မှု ရှိတဲ့အတွက်ကြောင့် အလုပ်ရှင်နဲ့ နိုင်ငံတော်ကထပ်မံပံ့ပိုးတဲ့ ဒီငွေကြေးကို ငွေကြေးဈေးကွက်မှာ တိုးပွားအောင်ပြုလုပ်ပြီးတဲ့နောက် ဆပွားပြီးတော့ များစွာ အကျိုးခံစားရတဲ့ ကျန်းမာရေးစောင့်ရှောက်မှု စနစ်လို့ ကျွန်တော်မြင်ပါတယ်။ အဲဒီစနစ်ကို အကောင်အထည်ဖော်မယ်ဆိုလို့ရှိရင် ဒါတွေဟာ ဝင်ငွေနည်းသူ နှစ်မျိုးလုံးနဲ့ အကျုံးဝင်သွားစရာရှိပါတယ်။ နောက်တစ်ခါ အလုပ်လက်ရှိရှိတဲ့သူတွေ အလုပ်ကို ပိုကြိုးစားဖို့ မက်လုံးဖြစ်သလို အလုပ်ကို မရှိသေးတဲ့သူတွေ အလုပ်ရအောင် ကြိုးစားနိုင်ဖို့အတွက် သူက ပြန်ပြီးကောင်တာလုပ်ထားတဲ့ အချက်တစ်ချက်လည်းပါဝင်ပါတယ်။

အဲဒီတော့ ကျွန်တော်စောစောကပြောတဲ့အထဲမှာ အချက်တစ်ချက်ကျန်တာလေးတော့ ရှိပါတယ်။ ဘာလဲဆိုတော့ ဝင်ငွေနည်းသူတွေမှာ သူက လူမှုဖူလုံရေးကတ်ပြားထုတ် ပေးထားတဲ့ အလုပ်ရှိတဲ့အခါမှာ ပြန်ပြီးတော့ စရလိမ့်မယ်။ အဲဒီကတ်ပြားမှာ အမျိုးအစားအားဖြင့် ရှိတာက သက်ကြီးထောက်ပံ့ကြေးခံစားခွင့်လက်မှတ်ကို အသက် ၆၅၊ ၇၀ ဆိုလို့ရှိရင် သူကစားဝတ်နေရေး အတွက်

လစာ ထုတ်ပေးတာရှိပါတယ်။ နောက်တစ်ခါ အလုပ်မရှိသေးတဲ့သူတွေကို အလုပ်လက်မဲ့ ထောက်ပံ့ကြေး ခံစားခွင့် လက်မှတ်ထုတ်ပေးထားပါတယ်။ အလုပ်လက်မဲ့ ထောက်ပံ့ကြေး ခံစားခွင့်ရှိသူက အလုပ်ရရှိတဲ့အခါမှာ ဒီကျန်းမာရေးစောင့်ရှောက်မှု ရန်ပုံငွေကို ပြန်ပြီးတော့ ထည့်ဝင်နိုင်စွမ်းရှိပါလိမ့်မယ်။ အဲဒီတော့ သူကလည်း အလုပ်ရရှိဖို့အတွက်လည်း တစ်ဖက်က ကြိုးစားသလို အဲဒီအချိန် အတောအတွင်း အဲဒီကာလမှာ သူ့ရဲ့မိသားစုအပါအဝင်ကလေးတွေ၊ သက်ကြီးရွယ်အိုတွေအားလုံး အတွက်လည်းပဲကျန်းမာရေးစောင့်ရှောက်နိုင်ခွင့် လက်မှတ်ကို ထုတ်ပေးထားပါတယ်။ အဲဒီလက်မှတ် တွေအားဖြင့်သာလျှင် စောစောက ကျွန်တော့်ရဲ့ လွှတ်တော်တက်မယ့် ပုဂ္ဂိုလ်များ ဆွေးနွေးတဲ့ ငွေကြေးလဲလှယ် ထောက်ပံ့ပေးထားတဲ့ ဆေးရုံမှာလည်းပဲ ပြန်လည်ပြီးတော့ အချိန်မရွေးလာရောက် ကုသခွင့်ရတယ် ဆိုတဲ့စနစ်တွေဟာ ဖြစ်လာတာဖြစ်ပါတယ်။ ဒီစနစ်ကြီးဟာ စျေးကွက်စီးပွားရေးနဲ့ ကိုက်ညီပြီး စျေးကွက်စီးပွားရေး နိုင်ငံတွေမှာလည်း ကျင့်သုံးတဲ့စနစ်ဖြစ်ပါတယ်။ ဒီစနစ်ကို ကျွန်တော့်အနေနဲ့လည်း လိုလားပါတယ်။ ဒေါက်တာစိုင်းကျော်အုန်းရဲ့ ဆိုလိုချက်ကလည်း ဒါပဲလို့ ကျွန်တော်သဘောပေါက်ပါတယ်။ အဲဒီစနစ် ဖြစ်ပေါ်လာဖို့ လိုအပ်တယ်လို့လည်းမြင်ပါတယ်။ ဒီအတွက် ပြည်သူ့လွှတ်တော် ကနေပြီးတော့ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှု အာမခံ စနစ်ထူထောင်နိုင်ရေးအတွက် လေ့လာဖို့ ကော်မတီ တစ်ရပ်ဖွဲ့စည်းမယ်ဆိုရင်လည်း ကျွန်တော့်အနေနဲ့ လိုလားပါတယ်။ အဲဒီကနေတစ်ဆင့် ဥပဒေကြမ်းပြုစုပြီးတဲ့နောက်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှု အာမခံစနစ်ဟာ ပြည့်ပြည့်စုံစုံ ခိုင်ခိုင်လုံလုံနဲ့ ရှေးဦးစွာခံယူတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့လည်းပဲ ဆေးရုံဆေးခန်းသွားတဲ့လာတဲ့ အခါမှာ ပိုင်ပိုင်နိုင်နိုင် ပြောရေးဆိုခွင့်လည်းရှိတဲ့ ရင်ကော့ခေါင်းမော့ပြီးတော့လည်းပဲ ဆေးကုသခံခွင့်ရမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ကျွန်တော်အနေနဲ့ကတော့ ဆွေးနွေးလိုတာကတော့ ဒီလောက်ပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်းမဲဆန္ဒနယ်၏ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်းနှင့် ပြည်သူ့လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်းမဲဆန္ဒနယ်ရဲ့အဆိုနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းရန်ဖြစ်ပါတယ်။ ရှင်းလင်းဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၅၅။**

**ဒေါက်တာကျော်မြင့်(ဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီးတော့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ပြည့်စုံပါစေလို့ဆုမွန်ကောင်း ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ကြီးအဖြစ်တာဝန်ယူထားတဲ့ ဒေါက်တာကျော်မြင့် ဖြစ်ပါတယ်။

ကျွန်တော်တို့အခု ရှမ်းပြည်နယ်၊ နမ့်ခမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ စိုင်းကျော်အုန်းမှ တင်သွင်းသောအဆိုကို ကျွန်တော့အနေနဲ့ ပြန်လည်ဖြေရှင်းမှာဖြစ်ပါတယ်။ ပဏာမ အနေနဲ့ အဆိုတင်သွင်းသော နမ့်ခမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ဦးစိုင်းကျော်အုန်း၊ ပါဝင်ဆွေးနွေးခဲ့တဲ့ ကိုယ်စားလှယ်အားလုံးကို အထူးပင်ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ နိုင်ငံတော်တွင် လူနေမှုအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ တိုးတက်ပြောင်းလဲ လျက်ရှိသည့် ပြည်သူလူထုရဲ့တရားနည်းလမ်းကျ မျှော်မှန်းမှုများကို တုံ့ပြန်နိုင်စွမ်းရှိသည့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်အား ဦးတည်ချက်များချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ကြောင်း ပြောကြားလိုပါတယ်။ အမျိုးသားကျန်းမာရေးမူဝါဒပါ ကျန်းမာရေးအသုံးစရိတ် ရန်ပုံငွေ ရှာဖွေရေးနည်းလမ်းသစ်များကို ဖော်ထုတ်ဆောင်ရွက်ကြရန် ပြဋ္ဌာန်းချက်တစ်ရပ်နှင့်အညီ ကျန်းမာရေး အသုံးစရိတ်ရှာဖွေရေး နည်းလမ်းအသွယ်သွယ်ကို ဖော်ထုတ်ဆောင်ရွက်ရာတွင် ငွေကြေးကုန်ကျမှု ကြောင့် ပြည်သူလူထုအပေါ်ဝန်ထုပ်ဝန်ပိုးဖြစ်ပေါ်မှု ကာကွယ်ရန်နှင့်နိုင်ငံအဝှမ်း ဆင်းရဲချမ်းသာမရွေး၊ လူမျိုးဘာသာမရွေးကျန်းမာရေး စောင့်ရှောက်မှုကို လက်လှမ်းမီစေရန်အတွက် တရားမျှတပြီး အခွင့်တူညီမျှမှုရှိကာ နိုင်ငံတော်၏ လူမှုစီးပွားရေး အခြေအနေနှင့် လိုက်လျောညီထွေမှု ရှိသည့် ကျန်းမာရေးဘဏ္ဍာငွေ ဖြည့်တင်းမှုတစ်ရပ်အဖြစ် ဆေးရုံ များတွင် ဆေးပဒေသာပင်များ စိုက်ထူရေး၊ စရိတ်မျှပေး ကျန်းမာရေးစနစ်ကျင့်သုံးရေးကို အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဆေးငွေပဒေသာပင်စိုက်ထူထားရှိခြင်းအား ဗဟိုအဆင့် ဆေးရုံကြီးများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ကျန်းမာရေးဦးစီးဌာနများ လက်အောက်ရှိ ဆေးရုံများ တွင် ငွေပဒေသာပင်များ စိုက်ထူ၍ အထူးသဖြင့် ချို့တဲ့ဝင်ငွေနည်းလူနာများအား ဆေးကုသရာတွင် ကျခံသုံးစွဲဆောင်ရွက်ပေးလျက် ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတစ်ဝန်း ဆေးရုံများတွင် ဤဆေးရုံသည် ဆင်းရဲနွမ်းပါးသူတို့ကို အခမဲ့ ကုသပေးပြီး ငွေကြေး အဆင်ပြေသူများအတွက် စရိတ်မျှပေးကျန်းမာရေးစနစ် ကျင့်သုံးသည် ဆိုပြီးတော့ လမ်းညွှန်ပေးပြီး ကျွန်တော်တို့ ဆေးရုံကြီးများတွင် ဆိုင်းဘုတ်များ ကပ်ထားတာ တွေ့မြင် ရမှာ ဖြစ်ပါတယ်။ မြို့နယ်အားလုံးတွင် ချို့တဲ့သူများအား ဆေးကုသမှုခံယူနိုင်ရန် အခမဲ့ ဆေးကုသမှု ပေးနိုင်သည့် စနစ်မျိုးဖြစ်သည့် ဆေးရုံဆေးပဒေသာပင်မှ ကျခံပေးခြင်း၊ တတ်နိုင်သော အလှူရှင်များမှ ကျခံပေးခြင်း၊ နိုင်ငံတော်နှင့်ပြည်တွင်းပြည်ပ စေတနာရှင်အဖွဲ့အစည်းများမှ လှူဒါန်း ထောက်ပံ့ပေးသည့် ဆေးဝါးများအား အခမဲ့ထောက်ပံ့ပေးခြင်းနှင့် နိုင်ငံတော်မှ ဖွင့်လှစ်ပေးထား သည့် ဆေးရုံများတွင် လူတိုင်းအတွက် အခမဲ့ဝန်ဆောင်မှုပေးခြင်းများကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ငွေကြေးတတ်နိုင်သူများကိုပင်လျှင် ကျန်းမာရေးဝန်ဆောင်မှုများကို အခမဲ့ဆောင်ရွက်

ပေးပြီးတော့ ရောဂါရှာဖွေရေးနှင့် ဆေးဝါး စရိတ် အချို့အတွက်သာ ကျခံပြီးတော့ စရိတ်မျှပေးစနစ်ကို ကျင့်သုံးခြင်းဖြင့် ဆေးကုသမှု ခံရာတွင် ငွေကြေးကုန်ကျမှု ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် ဆောင်ရွက်ပေး လျက်ရှိပါတယ်။

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ နမ့်ခမ်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးနှင့် တာချီလိတ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများကို ထိုင်းနိုင်ငံ ကျန်းမာရေးစနစ်အကြောင်း ကျွန်တော့် အနေနဲ့ အနည်းငယ် တင်ပြဖို့ ဖြစ်ပါတယ်။

ဒီလွှတ်တော် ကိုယ်စားလှယ်ကြီးများ တင်ပြတဲ့ ထိုင်းနိုင်ငံမှာ ကျန်းမာရေးဆောင်ရွက်မှု အနေနဲ့ ဘတ် ၁၂၀၀ ဟာ ၂၀၀၆ တုန်းက ဖြစ်ပါတယ်။ အခု ၂၀၁၀ မှာ ဘတ် ၂၄၀၀ ဖြစ်ပါတယ်။ ဘတ် ၃၀ နဲ့ ကုသတယ်ဆိုတာ ဝန်ကြီးချုပ် သက်ဆင် ခေတ်တုန်းက မအောင်မြင်တဲ့အတွက် ဒီစနစ်ကို ဖျက်သိမ်းခဲ့ပါတယ်။ အဲဒါတွေ ကျွန်တော်သိထားခဲ့ပါတယ်။ ၂၀၀၅ ခုနှစ် နောက်ပိုင်းမှတ်တမ်းများအရ အိမ်နီးနားချင်းနိုင်ငံများ ဖြစ်သော ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံတို့၌ ကျန်းမာရေး အစောင့်အရှောက်ခံယူစဉ် စုစုပေါင်းကျန်းမာရေးအသုံးစရိတ်ရဲ့ ၆၇ %ကို မိမိကိုယ်ပိုင်ငွေများနှင့် ကျခံပြီး ကျွန်တော်တို့ မြန်မာနိုင်ငံ အနေဖြင့်သာလျှင် ကျန်းမာရေးအစောင့်အရှောက် ခံယူရာတွင် ငွေကြေးမတတ်နိုင်သူများအတွက် အခမဲ့ကျန်းမာရေးဝန်ဆောင်မှုအပြင် ဆေးဝါးနှင့်အခြား စရိတ်များ ကိုပါ အခမဲ့ဆောင်ရွက်ပေးနေခြင်း၊ ငွေပဒေသာပင်များစိုက်ထူ၍ လိုအပ်သည့် ပံ့ပိုးကူညီမှုများ ပေးခြင်း၊ ငွေကြေးတတ်နိုင်သူများအတွက်ကိုပင် ကျန်းမာရေးဝန်ဆောင်မှုကို အခမဲ့ဆောင်ရွက်ပေး၍ အခြားကုန်ကျမယ့် စရိတ်များအတွက်ကိုသာ စရိတ်မျှပေး စနစ်ဖြင့်ဆောင်ရွက် ပေးလျက်ရှိကြောင်း လည်း ပြောကြား လိုပါတယ်။

မြန်မာနိုင်ငံအနေဖြင့် အထူးကုဆရာဝန်များအပါအဝင် ကျန်းမာရေးဝန်ကြီးဌာနက ကျေးလက် ဒေသ အောက်ခြေအထိ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက် ပေးလျက်ရှိတာကို အများအသိပဲ ဖြစ်ပါတယ်။ သွားရောဂါလူနာများ၊ အထွေထွေကုသရန် လူနာများ၊ ခွဲစိတ်ကုသမှုလူနာများစသည်တို့ကို နယ်မြေအနှံ့ အခါအားလျော်စွာ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိတာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ထို့အပြင် မျက်စိရောဂါနှင့် ပတ်သက်၍ ကျေးလက်ဒေသအရောက် မျက်စိအထူးကု ဆရာဝန်များမှ ကွင်းဆင်းပြီးတော့ လိုအပ်သည့် လူနာများအား အခမဲ့မျက်မှန်များ ထောက်ပံ့ပေးခြင်း၊ မျက်စိခွဲစိတ်ကုသခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း အစရှိသည်တို့ကို ဆောင်ရွက်ရာတွင် အရှေ့တောင် အာရှနိုင်ငံများအနက် အောင်မြင်စွာ ဆောင်ရွက်နေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ အလားတူပင် အခြားနိုင်ငံများ၌ အလွန်စရိတ်စကကြီးတဲ့ ကျောက်ကပ်အစားထိုးခြင်း၊ အသည်းအစားထိုးခြင်းစတဲ့ လူနာများအတွက်

တန်ဖိုးကြီးလှသော ဆေးများကို ယခုတိုင်ပင်လျှင် နိုင်ငံတော်က ပံ့ပိုးလျက် ရှိကြောင်းလည်း ပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ အခုလိုတင်ပြချက်များ၊ ဖြေကြားမှုများကြောင့် ဒီ နမ့်ခမ်း မဲဆန္ဒနယ်ကိုယ်စားလှယ်ကြီး သိရှိလိုသည်များ သိရှိပြီဖြစ်ပါတယ်။ သို့ပါ၍ ဝင်ငွေနည်း ပြည်သူများ အတွက်လိုအပ်သော ဆေးကုသနိုင်မှု ရရှိရေးအတွက် နိုင်ငံတော်မှ ထိရောက်စွာ ဆောင်ရွက်ပေးနေ ပါတယ် ဆိုတဲ့အကြောင်းနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမှ အဆိုကို ပြန်လည် ရုပ်သိမ်းပေး ပါရန် ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာစိုင်းကျော်အုန်းတင်သွင်းခဲ့တဲ့ အဆိုနဲ့ပတ်သက်ပြီး လွှတ်တော် ကိုယ်စားလှယ်များထဲက သုံး ဦးက ဆွေးနွေးခဲ့သလို ပြည်ထောင်စုအဆင့် တာဝန်ရှိသူ ကျန်းမာရေး ဝန်ကြီးကလည်းဆွေးနွေးသွားတာရှိပါတယ်။ ဒီပေါ်မူတည်ပြီးတော့ အဆိုရှင် ဒေါက်တာစိုင်းကျော်အုန်း ရဲ့ သဘောထားကို သိလိုပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါ စေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်ရဲ့အဆိုကို သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးကနေပြီးတော့ အသေးစိတ်ရှင်းလင်း ပြောကြားသွားပြီး ဖြစ်ပါတယ်။ ဝန်ကြီး ရှင်းလင်းတဲ့ အချက်ထဲမှာ ဝင်ငွေနည်း ပြည်သူများအတွက် ဝန်ကြီးဌာနကနေပြီးတော့ ဆေးပဒေသာပင်များ တည်ထောင်ကာ ချို့တဲ့ တဲ့ သူများကို အခမဲ့ဆေးဝါးကုသပေးနေပြီဆိုတဲ့ အကြောင်းပါပါတယ်။ ဒါတင်မကပါဘူး တခြားကဏ္ဍအသီးသီးမှာလည်း အခမဲ့နီးပါး ဆေးရုံတွေမှာ ပြုလုပ်ဆောင်ရွက်ပေး နေတာတွေ့တဲ့အတွက်ကြောင့် မနေ့က ကျွန်တော်တင်သွင်းထားတဲ့ ဝင်ငွေနည်း ပြည်သူများအတွက် ဆေးကုသခွင့် အာမခံချက်ရှိသော အမျိုးသားကျန်းမာရေးစနစ် တစ်ခု ထူထောင်ရန် တင်ပြတဲ့ အဆိုကို ပြန်လည် ရုပ်သိမ်းပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုပြုထားတဲ့အဆိုရှင် ဒေါက်တာ စိုင်းကျော်အုန်းက သူတင်ပြတဲ့အဆိုကို ပြန်လည်ရုပ်သိမ်းပြီး ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ** ။ ။လွှတ်တော်က သဘောတူတဲ့အတွက် ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်း မဲဆန္ဒနယ်၏ဝင်ငွေနည်းပြည်သူများအတွက် ဆေးကုသခွင့်အာမခံချက်ရှိသောအမျိုးသား ကျန်းမာရေး စနစ်တစ်ခု ထူထောင်ရန်အဆိုကို ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ်၏ "ချင်းပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေးလွယ်ကူ ချောမွေ့အောင် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရေး" အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု အဆိုတင်သွင်းခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဟားခါးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းက အဆို တစ်ရပ်တင်သွင်းလိုကြောင်း ကြိုတင် တင်ပြထားတာ ရှိပါတယ်။ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈(က)အရ အဆိုတင်သွင်းမည့်ကိုယ်စားလှယ်အား ဥက္ကဋ္ဌက ဖိတ်ခေါ်တဲ့အခါ သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်က မိမိအဆိုကို ဦးစွာ ဖတ်ပြတင်သွင်းပြီး ဆွေးနွေးပြောဆိုရန် သို့မဟုတ် အဆိုကို မတင်သွင်းလိုတော့ကြောင်းတင်ပြရန်ဖြစ်ပါတယ်။ချင်းပြည်နယ်တွင် လမ်းပန်း ဆက်သွယ်ရေး ချောမွေ့လွယ်ကူအောင် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရေးအဆိုကို တင်သွင်းဖို့ ဦးငွန်မောင်း အား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၀၇။**

**ဦးငွန်မောင်း(ဟားခါးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဟားခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးငွန်မောင်းဖြစ်ပါတယ်။ ချင်းပြည်နယ်အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူ အောင် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရန် ဆိုတဲ့ ခေါင်းစဉ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော့် အဆိုကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျ ရခြင်းရဲ့ အကြောင်းရင်းမှာ လမ်းပန်းဆက်သွယ်ရေးကြောင့်ပဲ ဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ ရာသီမရွေး သွားလာ နိုင်တဲ့ လမ်းများဆိုရင် ကလေးမြို့-ဖလမ်း-ဟားခါးလမ်း ၁၂၄ မိုင် ၊ ကလေးမြို့- တီးတိန်-တွန်းဇံ ၇၄မိုင်၊ ဂန့်ဂေါ-ဟားခါးလမ်း ၈၆ မိုင် ၊ မင်းတပ်-မတူပီလမ်း၊ ကျောက်တော်ကနေ စပြီးတော့ မင်းတပ်-မတူပီလမ်း ၁၂၀ မိုင် ရှိပါတယ်။ အဲဒီလမ်းများဟာဆိုရင် တချို့ကတ္တရာစေး ခင်းခြင်း မရှိသေးပါဘူး။ ကတ္တရာစေး အသုံးပြုပြီးတော့ ကတ္တရာလမ်း ခင်းပေးနိုင်ပါရန် တင်ပြပါတယ်။ နောက်ပြီးတော့ ချင်းပြည်နယ် တောင်ပိုင်းနဲ့ မြောက်ပိုင်းအဓိက ဆက်သွယ်ထားတဲ့ ဟားခါး-မတူပီလမ်းဟာဆိုရင် ၁၉၆၀ ခုနှစ်ကတည်းက ဖောက်လုပ် ထားပြီး ယနေ့အထိကို ကောင်းကောင်းမွန်မွန် ပေါက်ရောက်သွားလာနိုင်ခြင်း မရှိသေးပါဘူး။ ဟားခါး ကနေ မတူပီသို့ သွားလိုပါက လည်းကောင်း၊ မတူပီကနေ ဟားခါးသို့ သွားလိုပါက လည်းကောင်း အဓိက မိုးတွင်းအချိန်မှာ တိုက်ရိုက်မသွားနိုင်ဘဲနဲ့ ဂန့်ဂေါ၊ ပခုက္ကူ၊ မန္တလေးမြို့ကို ပတ်ပြီးတော့ သွားလာရပါသဖြင့် အင်မတန်မှ ငွေကြေးကုန်ကျတဲ့အပြင် အချိန်လည်း ကုန်ပါတယ်။ အဲဒါကြောင့် မို့လို့ တောင်ပိုင်းနဲ့မြောက်ပိုင်း အဓိကဆက်သွယ်တဲ့ မတူပီ-ဟားခါးလမ်းကို အမြန်ဆုံးဖောက်လုပ် ပေးနိုင်ပါရန် အနူးအညွတ်တင်ပြအပ်ပါတယ်ခင်ဗျား။

နောက်ပြီးတော့ ယခုအချိန်မှာဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံတော်အစိုးရနဲ့ အိန္ဒိယအစိုးရ နှစ်နိုင်ငံ သဘောတူ ညီချက်အရ ကုလားတန်မြစ်ကို ကုန်သွယ်ရေးလမ်းကြောင်းအဖြစ် တည်ဆောက်

တော့မယ် ဆိုပြီးတော့ ကြားသိရတဲ့အတွက် ကျွန်တော်လွန်စွာမှ ဝမ်းမြောက်ရပါတယ်။ အဲဒီအခါမှာဆိုရင် ကျွန်တော်တို့ ပလက်ဝမြို့မှာ သဘော်ဆိပ်ရှိလာတော့မှာ ဖြစ်ပါသဖြင့် ပလက်ဝမြို့နဲ့ ချင်းပြည်နယ်မြောက်ပိုင်းဆက်သွယ်နိုင်ရန် လိုအပ်လာတော့မှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မိုလို့ ပလက်ဝနဲ့ မတူပီလမ်း ၁၃၅ မိုင်ကို ဖောက်လုပ်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ မတူပီနဲ့ ပလက်ဝ ကားလမ်းပေါက်ပြီဆိုပါက ချင်းပြည်နယ်တောင်ပိုင်းက မြောက်ပိုင်း တိုက်ရိုက်ဆက်သွယ် နိုင်တော့မှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ချင်းပြည်နယ်မြောက်ပိုင်း အစွန်ဆုံးမြို့ ချီခါးမြို့ကနေ စပြီးတော့ ချီခါး၊ တွန်းဇံကနေပြီးတော့ ချင်းပြည်နယ်အလယ်ဗဟိုကို ဖြတ်သန်းလျက် ဖလမ်း၊ ဟားခါး၊ မတူပီ၊ ပလက်ဝအထိ မြောက်ပိုင်းနဲ့ တောင်ပိုင်းဆက်သွယ်နိုင်တော့မှာဖြစ်ပါတယ်။

အလားတူပဲ ပလက်ဝကနေ ဟားခါး၊ မင်းတပ်၊ ကန်ပက်လက်အထိ ဆက်သွယ်သွားမည် ဖြစ်ပါတယ်။ အဲဒီလမ်းများပေါက်ပြီဆိုပါက ကျွန်တော်တို့ ချင်းပြည်နယ် လမ်းများမှာဆိုရင် ကွန်ယက်သဖွယ်ဖြစ်လာပြီးတော့ ကျွန်တော်တို့ ချင်းပြည်နယ် နယ်စပ်ဖြစ်တဲ့ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းများနဲ့လည်း ကူးလူးသွားလာ ဆက်သွယ်နိုင်မှာ ဖြစ်တဲ့အတွက် ထိုကားလမ်းများ ဖေါက်ပြီးတာနဲ့တစ်ပြိုင်တည်း ချင်းပြည်နယ် လူထုရဲ့ လူမှုရေး၊ စီးပွားရေးကိစ္စအဝဝမှာလည်း မလွဲမသွေ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်းကို လေးစားစွာ တင်ပြလိုပါတယ်။ ၄င်းအပြင် နယ်စပ်လမ်းများဖြစ်တဲ့ ဟားခါး-ထန်တလန်-စိုင်ဆီချွတ်လမ်းကို လည်းကောင်း၊ ဟားခါး-ဖလမ်း-ရိဒ် လမ်းကို လည်းကောင်း၊ ကလေးမြို့-တီးတိန်-ရိဒ်လမ်းကို လည်းကောင်း၊ ဆယ့်နှစ်လရာသီ၊ ရာသီမရွေး သွားနိုင်အောင် ကားလမ်းများကို တိုးချဲ့ဆောင်ရွက်ဖောက်လုပ်ပေးနိုင်ပါရန် အနူးအညွတ်တင်ပြရင်းနဲ့ ကျွန်တော် နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင် ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးငွန်မောင်းတင်သွင်းတဲ့ အဆိုနဲ့ပတ်သက်ပြီး လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ ထောက်ခံချက် လိုအပ်ပါတယ်။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၁၃။**

**ဦးပိုက်လင်း (ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ဟာ ချင်းပြည်နယ် ပလက်ဝမြို့က လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ အခုနက ဟားခါးမြို့နယ်ကိုယ်စားလှယ် ဦးငွန်မောင်းရဲ့ တင်ပြချက်ဟာ မှန်ကန်နေတဲ့အတွက်လည်းကောင်း၊ နောက်ပြီး ကျွန်တော်တို့ ချင်းပြည်နယ်ဟာ တခြားဒေသ၊ တိုင်းဒေသကြီး ပြည်နယ်မှာရှိတဲ့ ညီအကိုများထက် ကျွန်တော်တို့ဟာ ဖွံ့ဖြိုးတိုးတက်မှုမှာ အောက်ကျနောက်ကျနိမ့် ကျနေသေးတယ်ဆိုတာ ကျွန်တော်ဝန်ခံပါတယ်။ အဲဒါဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ ချင်းပြည်နယ်မှာ တစ်မြို့နယ်နဲ့ တစ်မြို့နယ်၊ နောက် မြို့နယ်ကနေ ပြည်နယ် ရုံးစိုက်ရာမြို့၊ အဲဒီ ဆက်သွယ်ရေးဟာ အင်မတိအင်မတန် ခက်ခဲလှတဲ့ အကြောင်းတစ်ရပ်ဖြစ်ပါတယ်။ နောက်ကျွန်တော်

တို့ ချင်းပြည်နယ်မှာ ရောက်ဖူးတဲ့ ၊ တာဝန်ထမ်းဆောင်ဖူးတဲ့ ကျွန်တော်တို့ ဒီမှာ အခုရောက်လာတဲ့ တပ်က ကိုယ်စားလှယ်တော်များ ရှိချင်ရှိမယ်။ အရပ်ဘက် ကိုယ်စားလှယ်တော်များဟာ ကျွန်တော်တို့ ချင်းပြည်နယ်ရဲ့ သွားလာရခက်ခဲမှု အသိသက်သေတွေ ဖြစ်ပါတယ်။ နောက်ကျွန်တော်တို့ ချင်းပြည်နယ် မြောက်ပိုင်းမှာ အခုဆိုရင် ကားလမ်းအဆက်အသွယ်နည်းနည်းရှိလာတယ်။ ဒါကျွန်တော်တို့ အခု လက်ရှိ တပ်မတော် အစိုးရ လက်ထက်မှာတော်တော်လေးလုပ်ပေးခဲ့ပါတယ်။ ဒါပေမယ့် တောင်ပိုင်းနဲ့ မြောက်ပိုင်း အဆက်အသွယ်ကတော့ အင်မတန်ခက်ပါသေးတယ်။ ဒါကြောင့် အခုတက်လာမယ့် ကျွန်တော်တို့ အစိုးရသစ်ဟာ ကျွန်တော်တို့ ချင်းပြည်နယ် ပြည်သူတွေကို သနားညှာတာခြင်း ပိုမိုပြီးတော့ ဒီချင်းပြည်နယ်ရဲ့ လမ်းပန်းဆက်သွယ်ရေးကို ဦးစားပေး ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ မျှော် လင့်တယ်၊ ယုံကြည်တယ် အားကိုးတဲ့အတွက် အခုဦးငွန်မောင်းတင်ပြသွားတဲ့ အဆိုကို ကျွန်တော်က လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဟားခါးမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးငွန်မောင်း တင်သွင်းတဲ့ အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ချင်းပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေး၊ လွယ်ကူချောမွေ့အောင် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရေးအဆိုဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဦးငွန်မောင်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ** ။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဟားခါးမဲဆန္ဒနယ်မှဦးငွန်မောင်း တင်သွင်းတဲ့ အဆိုကို ၂၀၁၁ ခုနှစ် ၊ မတ်လ ၁၁ ရက် မနက်ဖြန် (သောကြာနေ့) ပြည်သူ့လွှတ်တော် အစည်းအဝေး အဌမနေ့မှာ ဆွေးနွေးပါမယ်။ ဒါကြောင့် ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ဒီကနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းပေးထားဖို့ ဖြစ်ပါတယ်။

## ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်၏ “ ချင်းပြည်နယ်ရှိ အိန္ဒိယနယ်စပ်အထိ ဖောက်လုပ်ဆဲဖြစ်သော လမ်းမကြီးကို ဆောလျင်စွာ ပြီးမြောက်နိုင်ရေး စဥ်းစားပေးပါရန်”အဆို တင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ။ အလုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်က အဆိုတစ်ရပ်တင်သွင်းလိုကြောင်း ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈ (က)အရ အဆိုတင်သွင်းမည့် ကိုယ်စားလှယ်အား ဥက္ကဋ္ဌက ဖိတ်ခေါ်တဲ့အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က မိမိအဆိုကို ဦးစွာ ဖတ်ပြတင်သွင်းပြီး ဆွေးနွေးပြောဆိုရန် သို့မဟုတ် အဆိုကို မတင်သွင်းလိုတော့ကြောင်း တင်ပြရန်ဖြစ်ပါတယ်။ ချင်းပြည်နယ်ရှိ အိန္ဒိယနယ်စပ်အထိ ဖောက်လုပ်ဆဲဖြစ်သော လမ်းမကြီးကို ဆောလျင်စွာ ပြီးမြောက်နိုင်ရေး စဥ်းစားပေးပါရန် အဆိုကို တင်သွင်းဖို့ ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည် အား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၁၉။**

**ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး ၊ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည်ဖြစ်ပါတယ်။ ကျွန်တော်မှ ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းခြင်းဖြင့် ချင်းပြည်နယ်ရှိ အိန္ဒိယနယ်စပ်အထိ ဖောက်လုပ်ဆဲဖြစ်သော လမ်းမကြီးကို ဆောလျင်စွာ ပြီးမြောက်နိုင်ရေး စဥ်စားပေးပါရန်အဆို တင်သွင်းခြင်းနဲ့ပတ်သက်၍ ဟားခါးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်း အဆိုတင်သွင်းခဲ့သော ချင်းပြည်နယ်တွင် လမ်းပန်း ဆက်သွယ်ရေး လွယ်ကူချောမွေ့အောင် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရေး အဆိုကို လက်ခံ ဆွေးနွေးရန် ပြည်သူ့လွှတ်တော်မှ အတည်ပြု ဆုံးဖြတ်ပြီးဖြစ်ပါတယ်။

ထိုအဆိုနဲ့ ကျွန်တော်တင်သွင်းတဲ့အဆိုမှာ သဘောသဘာဝနဲ့ ရည်ရွယ်ချက်တို့မှာ အတူတူပင်ဖြစ်၍ ဦးငွန်မောင်း တင်သွင်းတဲ့အဆိုကို ကျွန်တော်မှ ပါဝင်ဆွေးနွေးခြင်းဖြင့် ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ထို့အတွက် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ရဲ့ လွှတ်တော်၏ အချိန်များကို တန်ဖိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ကျွန်တော်တင်သွင်းမည့်အဆိုအား မတင်သွင်းလိုတော့ကြောင်း လွှတ်တော်သို့ တင်ပြပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရည် ခင်ဗျား။ ဦးခင်မောင်ရည် တင်သွင်းထားတဲ့အဆိုကို ပြန်လည်ရုပ်သိမ်းမယ်ဆိုတာ မှန်ပါသလား။

**ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ မှန်ပါတယ်ခင်ဗျား ။

**ဥက္ကဋ္ဌ**။ ။ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည် တင်သွင်းထားတဲ့ ချင်းပြည်နယ်ရှိ အိန္ဒိယနယ်စပ်အထိ ဖောက်လုပ်ဆဲဖြစ်သော လမ်းမကြီးကို ဆောလျင်စွာ ပြီးမြောက်နိုင်ရေး စဥ်းစားပေးပါရန် အဆိုတင်သွင်းခဲ့ပါတယ်။ ယနေ့ ဦးခင်မောင်ရည်မှပင် ထိုအဆိုကို

ပြန်လည်ရုပ်သိမ်းကြောင်း ဥက္ကဋ္ဌမှ တဆင့် လွှတ်တော်သို့ တင်ပြထားပါတယ်။ ဒါကြောင့် ဦးခင်မောင်ရည် ပြန်လည်ရုပ်သိမ်းမယ့် အဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။ အဆိုရုပ်သိမ်းမှုနဲ့ပတ်သက်လို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**အချိန်၊ ၁၄း၂၂။**

**ဥက္ကဋ္ဌ**။ ။ ယနေ့ ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး သတ္တမနေ့အစီအစဉ်မှာ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းတဲ့မေးခွန်း လေးခု၊ ၎င်းမေးခွန်းနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ပြည်ထောင်စု ကိုယ်စားလှယ်များ ဆွေးနွေးဖြေကြားခဲ့ပါတယ်။ ထို့အတူပဲ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်ရဲ့ အဆိုပြုချက်ပေါ်မူတည်ပြီး လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခဲ့ပါတယ်။ ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်ရဲ့ တင်ပြချက်မှာ တိုက်ရိုက်မဟုတ်သော်လည်း သွယ်ဝိုက်သော အားဖြင့် ထိခိုက်နစ်နာမှုများရှိပါက ပြည်ထောင်စုအစိုးရက ထိုက်သင့်သလို ကူညီဆောင်ရွက် ပေးနိုင်ရေး အတွက်လည်း ဆွေးနွေးတင်ပြသွားတာရှိပါတယ်။ ထိုနည်းတူစွာပဲ ဦးဘရှိန် ကျောက်ဖြူ မဲဆန္ဒနယ် ကလည်း ရခိုင်ပြည်နယ်အတွင်း ကျရောက်ခဲ့တဲ့ မုန်တိုင်းနှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ် အတွင်း နိုင်ငံတော်အစိုးရက တိုက်ရိုက်ဝင်ရောက် ကူညီထောက်ပံ့ ဆောင်ရွက်ပေးမှုများ ရှိသော်လည်း လုံလောက်စွာ မရရှိနိုင်သေးဘူးဆိုတဲ့ သဘော သက်ရောက်တဲ့ ဆွေးနွေးမှုများလည်း ရှိခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကြားဖြတ်အနေနဲ့အဆိုကိုတော့ လွှတ်တော်က အတည်ပြု ပေးသွားပါပြီ။

သို့ရာတွင် သီးခြားတင်ပြဆွေးနွေးတဲ့ အချက်နှစ်ချက်နဲ့ ပတ်သက်လို့တော့ လွှတ်တော်က အတည်ပြုစရာ မလိုဘဲနဲ့ သက်ဆိုင်ရာ တာဝန်ရှိတဲ့သူများ၊တာဝန်ရှိတဲ့ ဌာနများအနေနဲ့လည်း မှတ်သားပြီးတော့ လိုအပ်သလို စိစစ်ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း ပြောကြားလိုပါတယ်။ တဖန် ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်းမဲဆန္ဒနယ်ရဲ့ အဆိုပြုချက်ဖြစ်တဲ့ ဝင်ငွေနည်း ပြည်သူများ အတွက် ဆေးကုသခွင့် အာမခံချက်ရှိသော အမျိုးသားကျန်းမာရေး စနစ်တစ်ခု ထူထောင် ပေးပါရန် အဆိုနဲ့ ပတ်သက်ပြီး လွှတ်တော် ကိုယ်စားလှယ် သုံး ဦး ဆွေးနွေးတဲ့ နေရာမှာ လသာ မဲဆန္ဒနယ်မှ ဦးကြည်မြင့်ရဲ့ ဆွေးနွေးချက်မှာ ဝင်ငွေနည်းပြည်သူများအတွက် ဆိုတဲ့နေရာမှာ အလုပ်အကိုင် မရှိသောသူများ ဆိုတဲ့ကိစ္စတစ်ခု၊ ကူညီမှုအနေနဲ့ အလုပ်သမားကို အလုပ်ရှင်က အကူအညီပေးမှု နိုင်ငံတော်က အကူအညီပေးမှုဆိုတဲ့ကိစ္စများဟာလည်း မှတ်သားဖွယ်ရာဖြစ်တဲ့ အတွက် သက်ဆိုင်ရာ ကမှတ်သားထားပြီး အခြေအနေပေါ် မူတည်သုံးသပ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီမှာ ထူးခြားမှုတစ်ခုကတော့ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း အဆိုပြုထားတဲ့ ချင်းပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူ ချောမွေ့အောင် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရေး အဆိုနဲ့ပတ်သက်ပြီး ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်၏ ချင်းပြည်နယ်ရှိ အိန္ဒိယနယ်စပ်အထိ ဖောက်လုပ်ဆဲဖြစ်သော လမ်းမကြီးကို ဆောလျင်ပြီးမြောက်နိုင်ရေး စဉ်းစား ပေးပါရန် အဆိုကိုလည်း ဦးငွန်မောင်း တင်ပြချက်နဲ့ ဆက်စပ်နေတဲ့ အတွက် ရုပ်သိမ်းသွားတဲ့ အတွက် ထူးခြားမှုတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် နောက်ရက်မှာ လွှတ်တော် ဥက္ကဋ္ဌ အကြောင်းကြားထားတဲ့

အတိုင်း ဒီနေ့တင်ပြတဲ့အဆိုကို ဆက်လက်ဆွေးနွေးဖို့အတွက် ဆွေးနွေး လိုသူများဟာ အခုညနေပိုင်းမှာ လွှတ်တော်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၂၇။**

**ဥက္ကဋ္ဌ။** ။ ယခု ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ပြည်သူ့ လွှတ်တော်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၁ခုနှစ်၊ မတ်လ ၁၁ ရက် (သောကြာနေ့ ) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မနေ့ကတင်သွင်းခဲ့တဲ့ အဆို လေးခု အနက်မှ ဆွေးနွေးရန်ကျန်ရှိတဲ့ အဆို နှစ်ခု နဲ့ ယနေ့ ဦးငွန်မောင်းတင်သွင်းတဲ့ အဆို တစ်ခု စုစုပေါင်း အဆို သုံးခု ကို မနက်ဖြန်မှာ ဆွေးနွေးဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ဆွေးနွေးလိုသူများ ယခု အစည်းအဝေးအပြီးမှာ အမည်စာရင်း တင်သွင်းနိုင်ပါတယ်ခင်ဗျား။ လွှတ်တော်ကော်မတီ လေး ရပ်တွင် ပါဝင်ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးပြီးဆုံးချိန်မှာ ခန်းမဆောင် အပေါ်ထပ်မှာရှိတဲ့ လွှတ်တော်ဥက္ကဋ္ဌရုံးခန်းမှာ စုစည်းကြရန် ဖိတ်ကြားတင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများနဲ့ ဧည့်သည်တော်ကြီးများအားလုံး အစည်းအဝေးခန်းမ အတွင်းမှ ပြန်လည် ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေးသတ္တမနေ့ကို ၁၄း၃၀ နာရီ အချိန်တွင် ရပ်နားပါသည်။]